တွေ့ဆုံစဉ် စက်မှုဝန်ကြီးဌာနနှင့် ဥရောပအာရှစီးပွားရေးကော်မရှင်တို့အကြား အလားအလာရှိသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စ၊ စက်မှုဝန်ကြီးဌာနမှ ပူးပေါင်းဆောင်ရွက်လိုသည့် ကဏ္ဍများဖြစ်သော သံနှင့် သံမဏိထုတ်လုပ်ခြင်းလုပ်ငန်းနှင့် ဆေးဝါးထုတ်လုပ်မှုဆိုင်ရာလုပ်ငန်းများ၊ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်) အား အမြန်ဆုံး ပြန်လည်လည်ပတ်နိုင်ရေးအတွက် ရုရှားနိုင်ငံမှလိုအပ်သည့် နည်းပညာအကူအညီများ၊ ကျွမ်းကျင်ပညာရှင်များ ပံ့ပိုးပေးနိုင်ရေး၊ မြန်မာ့ဆေးဝါးလုပ်ငန်းမှ ထုတ်လုပ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် ကင်ဆာရောဂါကုသဆေး ထုတ်လုပ်မှုလုပ်ငန်းများတွင် ရုရှားနိုင်ငံရှိ ဆေးဝါးထုတ်လုပ်သည့် ကုမ္ပဏီများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ အခြေခံအဆောက်အအုံများ မြှင့်တင်ရေးနှင့် လျှပ်စစ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စ၊ နှစ်နိုင်ငံစီးပွားရေးကဏ္ဍ၊ စက်မှုကုန်ထုတ်လုပ်မှုကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် ရုရှား-မြန်မာ စီးပွားရေးဖိုရမ်များကို အောင်မြင်စွာ ကျင်းပနိုင်ရေး စသည့်ကိစ္စရပ်များကို ဆွေးနွေးသည်။ ဆွေးနွေးပွဲသို့ စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



# စက်မှုလက်မှုပညာသင်တန်းကျောင်း(ဘားအံ)၌ သင်တန်းဆင်းပွဲများ ကျင်းပ

**ဘားအံ မတ် ၂၆**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနနှင့် Sustainabridge(SB)တို့ ပူးပေါင်း၍ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း(ဘားအံ)၌ ဖွင့်လှစ်သည့် ဆောက်လုပ်ရေးသင်တန်းအမှတ်စဉ်(၁၁)၊ လျှပ်စစ်သင်တန်းအမှတ်စဉ်(၁၁)၊ မော်တော်ယာဉ်စက်ပြင်သင်တန်းအမှတ်စဉ်(၁၀) နှင့် ဂဟေသင်တန်းအမှတ်စဉ်(၉)တို့၏ သင်တန်းများဆင်းပွဲကို ယမန်နေ့ နံနက် ၁၁ နာရီခန့်က အဆိုပါ သင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။



သင်တန်းဆင်းပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အဖွင့်အမှာစကားပြောကြားပြီး ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များအား ရှင်းလင်းတင်ပြကာ Sustainabridge(SB) ဘားအံရုံးမှ အစီအစဉ်ညှိနှိုင်းရေးမှူး ဦးစောတင်ဝင်းမြင့်က သင်တန်းဆိုင်ရာအချက်အလက်များအား ရှင်းလင်းတင်ပြသည်။

ထို့နောက် ကရင်ပြည်နယ်ဝန်ကြီးချုပ်ဦးစောမြင့်ဦးနှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းတို့က သင်တန်းများမှထူးချွန်သင်တန်းသားတစ်ဦးစီအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့်ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဗိုလ်မှူးကြီးမျိုးမင်းနောင်၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးတို့က သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်ကာ သင်တန်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

အဆိုပါသင်တန်းများဆင်းပွဲတွင် သင်တန်းသားစုစုပေါင်း ၃၃ ဦးသင်တန်းဆင်းခဲ့ကြပြီး သင်တန်းဆင်းပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့က သင်တန်းသားများအား တစ်ဦးချင်းရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများပြောကြားကာ လက်တွေ့ဆောင်ရွက်ထားသည့် သင်တန်းဆင်းသင်တန်းသားများ၏ လက်ရာများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# သဲကုန်းမြို့နယ် ဥပဒေရုံးအဆောက်အအုံဖွင့်ပွဲ ကျင်းပ



**သဲကုန်း မတ် ၂၆**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် ဥပဒေရုံးအဆောက်အအုံဖွင့်ပွဲကို ယနေ့ နံနက်ပိုင်းတွင် အဆိုပါရုံးရှေ့၌ ကျင်းပရာ ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဦးစန်းလွင်က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ဥပဒေအရာရှိ ဦးခင်မောင်လွင်ကရုံးဆောက်လုပ်ခြင်းလုပ်ငန်းနှင့် ကျေးဇူးတင်စကားပြောကြားကာ ပျူနွယ်ဖွား ကုမ္ပဏီမန်နေဂျာ ဦးထွန်းထွန်းဝင်းက သဲကုန်းမြို့နယ်ရုံး အကြီးစားပြင်ဆင်ဆောက်လုပ်ခြင်းမှတ်တမ်းများအား တိုင်းဒေသကြီး ဥပဒေအရာရှိထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် သဲကုန်းမြို့နယ် ဥပဒေရုံးအဆောက်အအုံသစ်အား ဥပဒေရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဦးစန်းလွင်၊ တိုင်းဒေသကြီးဥပဒေချုပ်ဦးခင်မောင်တင့်နှင့် ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်ဒေါ်လွင်လွင်အေးကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်၍ ဆိုင်းဘုတ်အား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ထို့နောက်မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခြင်း၊ ဥပဒေရုံးအဆောက်အအုံသစ်ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်များ ပေးအပ်ကြပြီး အဆောက်အအုံသစ်အား လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါရုံးအဆောက်အအုံသစ်ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ငွေလုံးငွေရင်းခွင့်ပြုငွေကျပ် ၂၂ ဒသမ ၂၈သန်းဖြင့် အလျား၂၅ ပေ၊ အနံ ၃၇ ပေ၊ အမြင့် ၁၁ ပေ ကျယ်ဝန်းပြီး RC တစ်ထပ် အဆောက်အအုံအမျိုးအစားဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

# လောက်ကိုင်မြို့၌ မြေပြင်ရှိ လူဦးရေစာရင်းနှင့် တိုက်ဆိုင်စစ်ဆေး

**လောက်ကိုင် မတ် ၂၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်ဦး၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဦးစီးအရာရှိ ဒေါ်သန်းသန်းစိုးတို့က တာဝန်ရှိသူများနှင့် ပူးပေါင်း၍ အခြေခံမဲဆန္ဒရှင် စာရင်းများပြည့်စုံမှန်ကန်စေရေးအတွက် မြေပြင်ရှိလူဦးရေ စာရင်းနှင့် တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းများအား မတ် ၂၃ ရက်မှစတင်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသို့ ပေးပို့လာသော လူဦးရေစာရင်းအား စိစစ်ပြုစုထားသည့် အခြေခံမဲဆန္ဒရှင်စာရင်းများနှင့် မြေပြင်ကွင်းဆင်းပြုစုထားသော လူဦးရေစာရင်းအား သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်း၍ တိုက်ဆိုင်စစ်ဆေးခြင်းဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## (၇၇)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်များ

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ကို ကာကွယ်စောင့်ရှောက်လျက် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေးအတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ကူညီဆောင်ရွက်ရေး။

၂။ နိုင်ငံတော်အစိုးရ၏ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် အဓိကဆောင်ရွက်လျက်ရှိသည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာပေါများဖူလုံရေးလုပ်ငန်းစဉ်များတွင် တပ်မတော်အနေဖြင့် ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ယူဆောင်ရွက်ရေး။

၃။ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် တပ်မတော်က တိုင်းရင်းသား ပြည်သူအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

၄။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာစေရေး၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

၅။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော်တည်ဆောက်ရေး။

## နှစ်မြတ်အမွန် ခွန်နှစ်ဆယ့်ခွန်

☆ ရာဇဝင်နောက်ခံ၊ တို့နိုင်ငံသည်
မှန်ကင်းအစစ်၊ ထင်းပင်ဖြစ်လည်း
ဖြစ်သည့်ထင်းက၊ ဟုန်းဟုန်းကြွကာ
နီးထလျှံတောက်၊ သူ့ကိုခြောက်ဖို့
မကြောက်ရွံ့သောတပ်မတော်။

☆ အမျိုးသားရေး၊ နီးကြားသွေးဖြင့်
လေးမြတ်တည်ကြည်၊ သားကောင်းပီစွာ
တိုင်းပြည်ပေါ်မှာ၊ ဘယ်အခါမှ
သစ္စာမဖောက်သောတပ်မတော်။

☆ အရေးကြုံတိုင်း၊ ပြည့်သမိုင်းကို
မရိုင်းစေရ၊ အဓိကဟု
တိကျပြတ်သား၊ ရန်စွယ်များကို
ဖယ်ရှားခဲ့သောတပ်မတော်။

☆ အစဉ်အလာ၊ မင်္ဂလာမြတ်
ဆယ့်နှစ်ရပ်ကို၊ မပြတ်ရင်ဝယ်
အမြစ်တွယ်လျက်
ခြောက်ဆယ်ကျင့်ဝတ်
မယွင်းချွတ်သည်
တုလွတ်ကင်းသောတပ်မတော်။

☆ ပြည်တွင်းပြည်ပ၊ ပယောဂတို့
အောချလောက်စွာ၊ နှောင့်ယှက်ပါလည်း
ကမ္ဘာအရှည်၊ မြန်မာပြည်ဟု
တည်တံ့စေမှန်း၊ ရှေ့ဆက်လှမ်းသည်
စွမ်းရည်ရှိသောတပ်မတော်။

☆ ဟေ့…ဟေ့ …ဟေ့
ယနေ့ခါသော်၊ တို့တပ်မတော်သည်
ဖြတ်ကျော်လျှောက်လှမ်း၊ ခရီးလမ်းဝယ်
ပင်ပန်းဘယ်မျှ
ခါးသီးလှလည်း
ရှေ့ကတစ်ဖန်၊ နောက်ပြန်တစ်နည်း
ဖျက်ဆီးသွေးနှောက်၊ မြန်မာပျောက်အောင်
ဖောက်ပြားရှန့်ရမ်း
ဓားရှိုးကမ်းတို့
စွမ်းကုန်ယုတ်မာ၊ ဖျက်ဆီးပါလည်း
မြန်မာပြည်ကြီး၊ မပျက်စီးအောင်
ရှေးနည်းစဉ်လာ၊ ခိုင်ခန့်စွာလျှင်
ကာကွယ်စောင့်ကြပ်၊ မားမားရပ်သည်
ချစ်တတ်အလွန် ပြည့်တာဝန်။
နှစ်မြတ်အမွန်ခွန်နှစ်ဆယ့်ခွန်။
ဂုဏ်ပြုစာဖွဲ့တေးသဝဏ်။ ။

(၇၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုလျက်

မြင်းမူမောင်နိုင်မိုး

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ အဆာဟိ ရှင်ဘွန်းသတင်းစာ အာရှဒေသဗျူရိုဌာနမှူးနှင့် တွေ့ဆုံ

နေပြည်တော် မတ် ၂၆



ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ဂျပန်နိုင်ငံ အဆာဟိ ရှင်ဘွန်းသတင်းစာ အာရှဒေသဗျူရိုဌာနမှူး Mr.ONAGA, Tadao နှင့် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ်(၁၃)ရှိ ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ကိုဗစ်-၁၉ မတိုင်မီကာလ၊ ကိုဗစ်-၁၉ ကာလနှင့် ကိုဗစ်-၁၉ အလွန်ကာလ ပညာရေးအခြေအနေများနှင့် စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းရာ ပြည်ထောင်စုဝန်ကြီးက ပြည့်စုံစွာ ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ အနေဖြင့် တိုင်းပြည်တိုးတက်ရေးအတွက် အတတ်ပညာ တတ်မြောက်သော၊ အသိပညာပြည့်စုံသော ပညာတတ်များပေါ်များရန် ပညာရေးက အရေးကြီးကြောင်း အမြဲလမ်းညွှန်လေ့ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း ကျဆင်းလာချိန်တွင် အခြေခံပညာကျောင်းများနှင့် တက္ကသိုလ်များကို ဖွင့်လှစ်စေခဲ့ရာ ယခုအခါ အခြေခံပညာသင်နှစ် တစ်နှစ်ပြီးဆုံးပြီး တက္ကသိုလ်စာသင်နှစ်ပြီးဆုံးတော့မည်ဖြစ်ကြောင်း၊ ကျောင်းသားကျောင်းသူများ ပုံမှန်ပညာသင်နှစ်အတိုင်း ဆက်လက်တက်ရောက်နိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း၊ ဆရာ ဆရာမ အသစ်များကိုလည်း မွမ်းမံသင်တန်းများဖွင့်လှစ်ပို့ချကာ ခန့်ထားခဲ့ကြောင်း၊ မြန်မာနှင့် ဂျပန်နိုင်ငံတို့သည် နှစ်ပေါင်းများစွာ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံလာခဲ့သော နိုင်ငံများဖြစ်သည့် အားလျော်စွာ လက်ရှိကာလတွင် လည်းကောင်း၊ နောင်ကာလများတွင် လည်းကောင်း နိုင်ငံပညာရေးအတွက် လက်တွဲဆောင်ရွက်လိုကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့် အမြဲတမ်းအတွင်းဝန် ဒေါက်တာစိုးဝင်းတို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## သံတွဲမြို့၌ ကျေးရွာလေးရွာသို့ ရေပေးဝေရေး ဖွင့်ပွဲကျင်းပ

သံတွဲ မတ် ၂၆

(၇၇)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်အဖြစ် ကျားကိုက်ဆည်မှ ကျေးရွာလေးရွာသို့ ရေပေးဝေရေးဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက သံတွဲမြို့နယ် မဲနယ်ကွင်းကျေးရွာ၌ ကျင်းပရာ သံတွဲခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ခေတ္တဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဝင်းဗိုလ်က အမှာစကားပြောကြားသည်။

အဆိုပါ ရေပေးဝေရေးလုပ်ငန်းဖြင့် သာယာကွင်းကျေးရွာရှိ အိမ်ခြေ ၇၉ အိမ်၊ သာယာကွင်းချင်းရွာရှိအိမ်ခြေ ၁၅ အိမ်နှင့် မဲနယ်ကွင်းကျေးရွာရှိအိမ်ခြေ ၁၇၅ အိမ်တို့ကို ရေဂါလန် ၅၀၀၀ ဆံ့ ရေစုကန်များ တည်ဆောက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ဇလွန်မြို့နယ်၌ (၇၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

ဇလွန် မတ် ၂၆

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်၌ (၇၇)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် ဇလွန်မြို့ ကမ်းနားရပ်ကွက် ဓမ္မာရုံလမ်းတွင် ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးတင်ထွန်းအောင်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသန်းထွန်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဓမ္မာရုံလမ်းကွန်ကရစ်လမ်းသစ်သည် လမ်းအရှည် ပေ ၆၈၀၊ အကျယ် ၅ပေ၊ ဒု ခြောက်လက်မ ဖြစ်ပြီး ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် မိုးဝဋ္ဋာကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

ငွေသန်း(ဇလွန်)

(၇၇) နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုဆောင်းပါး

# ကျောင်းဆရာ၊ တပ်မတော်နှင့် နိုင်ငံကာကွယ်ရေးတာဝန်

ဒေါက်တာမောင်သင်း

(ယမန်နေ့မှအဆက်)

**(င) အစွန်းရောက်မှုနှင့် အဓမ္မလွှမ်းမိုးမှုကို တိုက်ဖျက်နေသူများ**

ကမ္ဘာ့နိုင်ငံအချင်းချင်း ဖြစ်ပွားနေသည့် စစ်ပွဲများ၊ ပြည်တွင်းစစ်များနှင့် ပြည်သူများကြား ပဋိပက္ခများ၊ အဓိကရုဏ်းများဖြစ်နေကြခြင်းသည် အစွန်းရောက်မှု အယူအဆများအားကြီးပြီး တရားမျှတမှု အားနည်းခြင်းကြောင့်ပါ။ ထို့ပြင်တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုအားနည်းမှုလည်းပါပါသည်။ ထိုအဖြစ်မျိုးကို ပညာကိုယ်ခံစွမ်းအားနည်းသော အာဖရိကနှင့် အရှေ့ဥရောပနိုင်ငံများတွင် အတွေ့ရဆုံးပါ။ ပညာရည်မြင့်မားသည့် ဂျပန်၊ ကိုရီးယား၊ အနောက်ဥရောပနိုင်ငံများ၊ အမေရိကန်၊ ကနေဒါနှင့် စင်ကာပူနိုင်ငံများတွင် မတွေ့ရပါ။

အတွေးအခေါ်ရင့်သန်ပြီး ပညာဉာဏ်ရင့်သန်မှုသည် နိုင်ငံအချင်းချင်း၊ လူမျိုးစုအချင်းချင်း၏ ပဋိပက္ခများ ကင်းဝေးခြင်း၏ အခြေခံအုတ်မြစ်ဖြစ်ပါသည်။ တပည့်များကို တွေးခေါ်တတ်၊ မြော်မြင်တတ်၊ ဓမ္မနှင့်အဓမ္မ၊ ငြိမ်းချမ်းမှုနှင့်ဆူပူမှုကို ခွဲခြားနိုင်သည့် မျိုးဆက်များအဖြစ် ပညာအလင်းရောင် ထွန်းညှိပေးနိုင်သည့်သူများသည် ကျောင်းဆရာများပါပဲ။ ယင်ကဲ့သို့ ကမ္ဘာတွင် ပညာမဲ့မှုကြောင့် မငြိမ်းချမ်းမှု၊ ဆူပူမှု၊ အဓမ္မလွှမ်းမိုးမှုကို မျိုးဆက်တစ်ခုပြီးတစ်ခု ပညာစွမ်းအားဖြင့် တိုက်ဖျက်နိုင်စွမ်းရှိသည့်သူများသည် "ကျောင်းဆရာ" များဆိုသည်ကိုသိပြီး ကုလသမဂ္ဂအဖွဲ့ကြီး၏ လက်အောက်ခံအဖွဲ့ လေးဖွဲ့တို့က အောက်တိုဘာလ (၅) ရက်နေ့ကို **"ကမ္ဘာ့ဆရာများနေ့"** ဟု သတ်မှတ်ဂုဏ်ပြုခဲ့ကြပါသည်။

**"ကမ္ဘာ့ငြိမ်းချမ်းရေး ဗိသုကာများသည် ကျောင်းဆရာများပါ "** ဟု အသိအမှတ်ပြုလိုက်ခြင်းဖြစ်သည်။ ကျောင်းဆရာသည် နိုင်ငံသားကောင်း တပည့်များကို လိမ္မာယဉ်ကျေးသူ၊ နူးညံ့စိတ်ထားပိုင်ရှင်များဖြစ်လာအောင် လေ့ကျင့်ပေးပြီး လူ့အဖွဲ့အစည်းအဆက်ဆက်ကို ထာဝရငြိမ်းချမ်းသာယာအောင် ဆောင်ရွက်တတ်ကြသူများဖြစ်သဖြင့် ထိုအစဉ်အလာကောင်းကို ဆက်လက်ထိန်းသိမ်းရင်း နိုင်ငံနှင့် လူ့အဖွဲ့အစည်းကို မြှင့်တင်ပေးနေရန် လိုပါလိမ့်မည်။

**(စ) စံပြည့် ဒီမိုကရေစီနိုင်ငံသားများ မွေးဖွားပေးနေသူများ**

မြန်မာ့လူ့အဖွဲ့အစည်းကို ဒီမိုကရေစီဖွံ့ဖြိုးရှင်သန်ရန် ဆောင်ရွက်နေချိန်တွင် ကျောင်းဆရာသည် ဒီမိုကရေစီ၏ "စိတ်ထား"၊ "စံ"၊ "အကျင့်" များကို မျိုးဆက်သစ်များထံတွင် ကြွယ်ဝနေအောင် မဖြစ်မနေလေ့ကျင့်ပေးရပါမည်။ အမျိုးသားကျောင်းအုပ်ဆရာကြီးဖြစ်သူ ဦးသန့်က **"ကျောင်းတွင်းဒီမိုကရေစီသည် ဒီမိုကရေစီနိုင်ငံ၏ အခြေခံအုတ်မြစ်ကြီးသာလျှင်ဖြစ်၏"** ဟု ခေတ်ကို ကြိုမြင်မီးမောင်းထိုးပြခဲ့ပါသည်။

ဘာထရန်ရပ်ဆဲလ်ကတော့ **"ဒီမိုကရေစီကို ရည်မှန်းခဲ့လျှင် ကျောင်းဆရာသည် ကျောင်းသားများအား သည်းခံစိတ်ကို အထုံပါရမီဖြစ်သည်အထိ လေ့ကျင့်ပေးရမည်"** ဟု ပြောကြားခဲ့ပါသည်။ ကျောင်းတွင်းဒီမိုကရေစီမှသည် မြန်မာ့ဒီမိုကရေစီ လူ့အဖွဲ့ အစည်းဆီသို့ ကြွားဝင့်စွာ ချီတက်နိုင်အောင် ဦးဆောင်လမ်းပြနေသူများသည် ကျောင်းဆရာများဖြစ်ကြပါသည်။ တပည့်များကို ဒီမိုကရေစီအမည်ခံပြီး လုပ်ဆောင်ချက်က ဒီမိုကရေစီ၏ ဆန့်ကျင်ဘက်သို့ ရောက်မသွားစေရန်အတွက် လေ့ကျင့်သင်ကြားပေးရပါမည်။

"ကိုယ်နှင့်အမြင်မတူသောသူအပေါ်တွင် ရန်သူဟု မြင်မှုကင်းအောင်၊ စာနာနားလည်မှု ထားတတ်အောင်၊ ငါသာအမှန်ဟူသော တစ်ယူသန် အစွဲကင်းအောင်၊ တည့်မတ်သွားအောင်၊ ဘဝနောက်ခံမတူကွဲပြားသူများနှင့် ဘုံရည်မှန်းချက်အတွက် ပူးပေါင်းအလုပ်လုပ်တတ်အောင်" လေ့ကျင့်ပေးရပါမည်။ ကျောင်းကောင်စီများ ဖွဲ့စည်းပြီး အတန်းအကျိုး၊ ကျောင်းအကျိုး သယ်ပိုးနိုင်စွမ်းရှိသူ ကျောင်းသားကိုယ်စားလှယ်ကောင်းကို ရွေးချယ်တတ်သည့် အလေ့အကျင့်ကောင်းရအောင် လေ့ကျင့်ပေးရပါမည်။ ထိုသို့လေ့ကျင့်ပေးသည့်အခါတွင်လည်း အသင်းစွဲ၊ အတန်းစွဲ၊ ကျောင်းစွဲမှသည် ပါတီစွဲ၊ ဂိုဏ်းဂဏစွဲများကြောင့် ပဋိပက္ခများကို ဖြစ်ပေါ်စေခြင်းမှ ကင်းနိုင်သမျှ ကင်းအောင် ရှောင်ရှားနိုင်ပြီး ကျောင်းသားများကို ယထာဘူတကျကျ တွေးခေါ်တတ်အောင် သင်ကြားလေ့ကျင့်ပေးရန်မှာ ကျွန်တော်တို့ ကျောင်းဆရာများ၏ အဓိကတာဝန်များပါ။ ထိုတာဝန်ကို မျက်ကွယ်ပြုရန် လုံးဝမသင့်ပါ။ စာမေးပွဲရမှတ်လောက်သာ အားသန်သင်ကြားပေး၍ စာလျောင်အိမ်ဖြင့် ပိတ်ထားခဲ့ကာ စာမေးပွဲရလဒ်လွန် အဆိုပါလူ့တန်ဖိုးကို လေ့ကျင့်မပေးခဲ့လျှင် မြန်မာ့လူ့အဖွဲ့အစည်းသည် ဒီမိုကရေစီ လူ့အဖွဲ့အစည်းနှင့် ဆက်လက်အလှမ်းဝေးနေလိမ့်ဦးမည်ဆိုသည်ကို သတိပြုကာ လေ့ကျင့်ပေးရန် လိုအပ်ပေသည်။

> ဘာထရန်ရပ်ဆဲလ်ကတော့ "ဒီမိုကရေစီကို ရည်မှန်းခဲ့လျှင် ကျောင်းဆရာသည် ကျောင်းသားများအား သည်းခံစိတ်ကို အထုံပါရမီဖြစ်သည်အထိ လေ့ကျင့်ပေးရမည်" ဟု ပြောကြားခဲ့ပါသည်။ ကျောင်းတွင်းဒီမိုကရေစီမှသည် မြန်မာ့ဒီမိုကရေစီလူ့အဖွဲ့အစည်းဆီသို့ ကြွားဝင့်စွာချီတက်နိုင်အောင် ဦးဆောင်လမ်းပြနေသူများသည် ကျောင်းဆရာများဖြစ်ကြပါသည်။ တပည့်များကို ဒီမိုကရေစီအမည်ခံပြီး လုပ်ဆောင်ချက်က ဒီမိုကရေစီ၏ ဆန့်ကျင်ဘက်သို့ ရောက်မသွားစေရန်အတွက် လေ့ကျင့်သင်ကြား

**(ဆ) ဘိုးဘွားအမွေအနှစ်ကို မြှင့်တင်စောင့်ရှောက်သူများ**

ခေတ်စနစ်များ မည်ကဲ့သို့ပြောင်းပေမယ့်လည်း မပြောင်းလဲဘဲ ဆက်လက်တည်တံ့ခဲ့သည့် ကမ္ဘာ့ပညာရေး၏ ရည်ရွယ်ချက်နှစ်ချက်မှာ–

(၁) လူမျိုးတိုင်းသည် မိမိ၏ ဘိုးဘွားအမွေအနှစ်ကို မြတ်နိုးတတ်၊ ချစ်တတ်ပြီး ကာကွယ်စောင့်ရှောက်တတ်ရန်၊

(၂) နောက်မျိုးဆက်သစ်များ အတွက် ကောင်းမွန်သော အမွေအနှစ်များ လက်ဆင့်ကမ်း ထားရစ်ခဲ့ရန်ဆိုသည့် ခံယူချက်ရှိသူများ မွေးထုတ်ပေးရန်… တို့ဖြစ်ပါသည်။

"ဘိုးဘွားအမွေစစ်"ဆိုသည်မှာ ဘာတွေလဲဆိုသည်ကို ကျောင်းဆရာများက တပည့်မျိုးဆက်သစ်များကို ရှင်းပြသင်ပြပေးရပါမည်။ ယင်းအပြင် ဘာကြောင့် ချစ်ထိုက်၊ မြတ်နိုးထိုက်ပြီး မပျောက်ပျက်အောင် ထိန်းသိမ်းရမည့်တာဝန်ရှိကြောင်းကိုလည်း လေ့ကျင့်ပေးရပါမည်။ ပြီးလျှင်မိမိလက်ခံရရှိသည့် ဘိုးဘွားအမွေအနှစ်များကိုလည်း သားစဉ်မြေးဆက် ချစ်ထိုက်၊ မြတ်နိုးထိုက်၊ ကာကွယ်ထိုက်သည့်အဖြစ်မျိုးရောက်အောင် မြှင့်တင်ပေးရမည်ဆိုသည့် အသိနှင့် နောက်ဆုံးမှာတော့ သူတို့၏ နောက်မျိုးဆက်ဆီသို့ လက်ဆင့်ကမ်းပေးရန် တာဝန်ရှိကြောင်း ခံယူကျင့်သုံးလာသည်အထိ လေ့ကျင့်သင်ကြားပေးရပါမည်။

ဘိုးဘွားအမွေအနှစ်ဆိုသည်မှာ နိုင်ငံအတွင်းရှိ ရေ၊ မြေ၊ တောတောင် သဘာဝသယံဇာတစသည့် ရုပ်ဝတ္ထုများဟုသာ အားလုံးက ထင်ထားကြပါသည်။ အဆိုပါ ရုပ်ဝတ္ထုများထက် သာလွန်ပြီး မည်သူမျှ တန်ဖိုးဖြတ်၍မရသည့် ဘိုးဘွားများ၏ အမွေအနှစ်များမှာ **"သူ့ကျွန်မခံလိုသည့်စိတ်ဓာတ်၊ သူများထက်နိမ့်ကျတာ မခံချင်စိတ်၊ မိမိနိုင်ငံနှင့် လူမျိုးကို မြှင့်တင်လိုစိတ်၊ ရိုးသားမှုကို ဂုဏ်ယူစိတ်၊ မတရားမှုကို ရွံမုန်းစိတ်၊ နိုင်ငံ့လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးနှင့် တိုင်းရင်းသားများ၏ ဘာသာစကား၊ ယဉ်ကျေးမှု၊ စာပေ၊ ဂီတ၊ အနုပညာ၊ ရိုးရာဓလေ့များကို ကာကွယ်မြှင့်တင်လိုစိတ်၊ ငြိမ်းချမ်းသည့် လူ့အဖွဲ့အစည်းကို ထူထောင်လိုစိတ်နှင့် နောက်ဆုံးတွင် မြန်မာနိုင်ငံသားအဖြစ် မွေးဖွားလာခြင်းကို ဂုဏ်ယူလိုစိတ်"** များပင် ဖြစ်ပါသည်။

ယနေ့မျိုးဆက်များ ခံစား၊ စံစားနေရသည့် ကောင်းမွေအားလုံးသည် ဘိုးဘွားတို့၏ အသက်၊ သွေး၊ ချွေး၊ ဉာဏ်ပညာ အမြော်အမြင်ကြီးမားမှု၊ ဇွဲ၊ လုံ့လ၊ ဝီရိယများနှင့် စုပေါင်းညီညာ စိုက်ပျိုးခဲ့၍သာ ပေါ်ပေါက်လာသော တကယ့် **"ပဒေသာပင် အစစ်"** ပါ။ ထိုပဒေသာပင်တွင် လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ တရားမျှတခြင်းနှင့် အချုပ်အခြာအာဏာ တည်တံ့ခြင်း (ကိုယ့်ထီး၊ ကိုယ့်နန်းဖြင့် စံမြန်းနိုင်ခြင်း) ဆိုသည့် အသီးအပွင့်များ ပါဝင်ပါသည်။

ယင်းဘိုးဘွားအမွေအစစ်များ ပျောက်ကွယ်သွားခဲ့လျှင် လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာလည်း ကွယ်ပျောက်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ယွင်းကာ ပြည်ထောင်စုမြန်မာနိုင်ငံဆိုသည်ပါ ပျက်သုဉ်းသည့်ဘဝဆီ ပြန်လည်ရောက်ရှိသွားနိုင်ပါသည်။ ထို့အပြင် လူမျိုးတစ်မျိုးအဖြစ် အသိအမှတ်ပြုနိုင်သည့် ဘာသာစကား၊ စာပေ၊ ဂီတ၊ အနုပညာများလည်း ပျောက်ကွယ်သွားပါက မျိုးဆက်သစ်များကို မည်သည့်လူမျိုးဟု သတ်မှတ်၍ မဖြစ်တော့သည့်အတွက် လူမျိုးပါ ပျောက်သွားနိုင်ပါသည်။ ထိုဘဝမျိုး မရောက်စေရန် ဘိုးဘွားအမွေစစ်ကို မဖြစ်မနေ ထိန်းသိမ်းကာကွယ်လိုသည့်စိတ်ထား မျိုးဆက်တိုင်းတွင် ပိုင်ဆိုင်နိုင်အောင် ကျောင်းဆရာများက သင်ပေး၊ လေ့ကျင့်ပေးရမည်ဖြစ်ပါသည်။

### ကျောင်းဆရာနှင့် ပညာရေးခံကတုတ်

အားလုံးကိုခြုံရလျှင် **"ကျောင်းဆရာများသည် မျိုးဆက်တိုင်းကို မိမိမွေးဖွားရာ ရေ၊ မြေ၊ နိုင်ငံနှင့် လူ့အဖွဲ့အစည်းကို ချစ်တတ်၊ မြတ်နိုးတတ်ပြီး အသက်ပေးကာကွယ်သူများ မွေးထုတ်ပေးကာ တစ်ဖက်ကလည်း နိုင်ငံကိုပျက်သုဉ်းစေမည့် အဖျက်ရန်များကို ခေတ်အဆက်ဆက်တွင် ပညာလက်နက်ဖြင့် အသံတိတ်တွန်းလှန်တိုက်ပွဲဝင်ရင်း လူ့အဖွဲ့အစည်းကို ငြိမ်းချမ်းအောင် ဆောင်ရွက်ကြသူများ"**ပါ။ ကျည်မဖောက်၊ သွေးမြေမကျသည့် ရှေ့ဆုံးတန်းက နိုင်ငံကာကွယ်ရေးသမားပါ။ ဆိုလိုသည်က ကျောင်းဆရာများသည် တိုင်းပြည်၏ ဖွံ့ဖြိုးမှုအပေါင်းကို ပျက်သုဉ်းအောင် ဆောင်ကြဉ်းနေသော အဖျက်ရန်မှန်သမျှကို နိုင်ငံ၏ "အမျိုးသားမဏ္ဍိုင် ပညာရေးခံကတုတ်" ကနေ မကျိုးပေါက်ရလေအောင် ပညာစွမ်းအားဖြင့် ရဲရဲရင့်ရင့် တွန်းလှန်ကာကွယ်နေကြသည့် "ဉာဏတိုက်စစ်မှူး" များဖြစ်ကြပါသည်။ အဆိုပါ ပညာရေးခံကတုတ် ခိုင်မာခဲ့လျှင် တိုင်းပြည်အကျိုး သယ်ပိုးနိုင်သည့် နိုင်ငံ့သားကောင်းများဖြင့် ပြည့်လျှမ်းနေပေလိမ့်မည်။ ထိုအထဲတွင် ယူနက်စကိုက သတ်မှတ်ထားသော **"မြင့်မြတ်သည့် ဝန်ထမ်းဘဝဖြင့် အသက်မွေးဝမ်းကျောင်းပြုသူ"** (Noble Professional) များဖြစ်ကြသည့် **"မျိုးဆက်သစ် ကျောင်းဆရာအလုပ်"** နှင့် နိုင်ငံကို ပြည်တွင်း၊ ပြည်ပအဖျက်ရန်များမှ အသက်နှင့်ရင်း၍ ကာကွယ်နေသည့် ယနေ့ **"မြန်မာ့တပ်မတော်သား"** များကို အများအပြား မွေးထုတ်ပေးနိုင်ပေလိမ့်မည်။

စာလောက်သာသင်သည့် ခပ်ညံ့ညံ့လုပ်ငန်းလုပ်နေသူများ မဟုတ်ကြောင်း လွတ်လပ်ရေးရသည်အထိ ကြိုးပမ်းခဲ့သည့် အမျိုးသားကျောင်းဆရာများ၏ မြန်မာ့သမိုင်းက သက်သေပြခဲ့ပြီးဖြစ်ပါသည်။ ကိုယ်တိုင်ကလည်း ပြည်ဖျက်ဝါဒမျိုးစုံကို ဝေဖန်ဆန်းစစ်နိုင်ကာ နားမယောင်၊ လက်မခံသည့် ဖယ်ရှားနိုင်သူများအဖြစ် ရပ်တည်နိုင်အောင် ပညာဝမ်းစာကို အမြဲဖြည့်ဆည်းနေကြသူများဖြစ်ကြပါသည်။ ဆရာများသည် အဖျက်သမားများဖြစ်လာကြသည့် တပည့်ညံ့များကို မွေးထုတ်မိမှာ စိုးရိမ်စိတ်ကြီးကြသူများအဖြစ် ရပ်တည်နေရပါမည်။ ထို့ကြောင့် "ပညာရေးခံကတုတ်" ကို ထိန်းထားရင်း မျိုးဆက်တိုင်းဆီသို့ အဆိုပါ ခေတ်အဆက်ဆက်က နိုင်ငံနှင့် လူမျိုးကို ပျက်သုဉ်းစေသည့် အဖျက်ဝါဒမှိုင်းမျိုးစုံ မရောက်ရလေအောင် အစဉ်ကာကွယ်နေသည့် ဉာဏတိုက်စစ်မှူးများပါ။

ထို**"ခံကတုတ်"** ကျိုးပေါက်ခဲ့လျှင် နိုင်ငံတော်အတွက် လုံခြုံရေးတာဝန်သည် ခေတ်အဆက်ဆက်မှ

စာမျက်နှာ ၁၄ သို့ ☆

# ကျောပိုးအိတ်ကလေး ရှေ့ဆက်ချီ

✻ စစ်မြေစခန်း၊ ခရီးကြမ်းကို
ဖြတ်သန်းတိုင်းသာ၊ ကျောတွင်ပါ၍
နေ့တာကွယ်ပျောက်၊ အမှောင်ရောက်လျှင်
ပေါက်ပေါက်ယိုစီး၊ ချွေးတို့သီးလည်း
မငြီး မဖင်၊ ခရီးနှင်လျက်
သူလျှင်ကိုယ့်အား၊ ဖက်တွယ်ထားသည်
စစ်သားလေး၏ ကျောပိုးအိတ်။

✻ ဟင်းချက်စရာ၊ စားရိက္ခာနှင့်
ဝတ်လွှာခြုံထည်၊ အသွယ်သွယ်နှင့်
သယ်ရအမှန်၊ ဗုံးကျည်ဆန်တည့်
မကျန်ရအောင်၊ စောင်ခြင်ထောင်လည်း
သယ်ဆောင်ခဲ့ရင်း၊ သူ့ သတ်ကွင်းကို
အားတင်းကျော်လွှား၊ ဖြတ်ခဲ့ပြားသည်
စစ်သားလေး၏ ကျောပိုးအိတ်။

✻ အိတ်အတွင်းမှာ၊ မျိုးစုံပါသို့
ဘေးမှာချည်ထား၊ ဖက်ထိပ်ခေါးနှင့်
ဂေါ်ပြား ခေးမ၊ ခန့်ထည်လှ၍
ပါးလျ ဖိနပ်၊ မလစ်လပ်ခဲ့
စစ်တပ်မှာဖွား၊ စစ်သည်များနှယ်
တစ်သားတည်းဖြစ်၊ ရှေ့တန်းချစ်သည်
စစ်သားလေး၏ ကျောပိုးအိတ်။

✻ ကျောပိုးအိတ်ကလေး၊ လွယ်ဘိသေးကာ
ဝေးမြေရှေ့တန်း၊ ချီအုံ့မှန်းသော်
လျှောက်လှမ်းလာပြီး၊ ကိုယ့်အနီးဝယ်
ဇနီး မယား၊ သမီးများက
အားပေးစကား၊ မှာခြွေပြားသော်
အားတက်ရင်ထဲ၊ ပီတိကဲလျက်
မခွဲချင်သော်၊ ရှေ့တန်းပျော်သည်
အဖော် ကျောပိုးအိတ်ကလေးနှင့်။

✻ မိုးရေစိုရွှဲ၊ ခိုက်တုန်သည်းလည်း
အားခဲခြေလှမ်း၊ မနားတမ်းတည့်
နှင်းဖျန်းကာလ၊ ဟေမန္တလည်း
ခြေကြွသုတ်သုတ်၊ နောက်မဆုတ်တည့်
သုတ်လေ ဆော်ကျူး၊ နွေအဦးဝယ်
လေရူးနှောက်ပြား၊ မချောက်ချားဘဲ
မနားမွေ့လျော်၊ ရှေ့တန်းပျော်သည်
အဖော်ကျော်ပိုးအိတ်ကလေးနှင့်။

✻ စစ်ဆင်ရေးမှ၊ အနားရလည်း
တစ်လခန့်သာ၊ စုဖွဲ့ကာနှင့်
ပြန်ကာ ချီတက်၊ ခရီးဆက်ဖို့
လက်နက် ကျည်ဆန်၊ အင်အား အမှန်ကို
အတန်တန် စစ်ဆေး၊ ခွင့်ပေးခွင့်ပြန်
နောက်ချန် ချင့်တွက်၊ ရှေ့တန်းတက်ဖို့
မပျက်တိကျ၊ စီမံရ၏၊
ကာလသင့်လျော်၊ ချင့်ချိန်မျှော်သည်
အဖော် ကျောပိုးအိတ်ကလေးနှင့်။

✻ တပ်သားဘဝ၊ ငယ်နုစွမှ
ရရှိခဲ့သော၊ ချစ်သူချောနှယ်
ကျောပိုး အိတ်ကလေး၊ ငယ်သေးသေးကို
လေးစား တွယ်တာ၊ မြတ်နိုးပါ၍
ခံခွာ ချီတိုက်၊ စစ်လိုက် စစ်နှိုး
စစ်ပျိုး စစ်ဆင်၊ စစ်တွင် မွေ့လျော်
စစ်တွင်ပျော်ခဲ့
အဖော်မွန်ကောင်း၊ ဖြစ်ပါကြောင်းကို
ကောင်းကောင်း မှတ်သိ၊ လေးစားဘိ၏
ပေးသည့် ဝန်တာ၊ ကျေပွန်စွာလျှင်
ခုခါ နယ်ဘက်၊ ခရီးဆက်လည်း
မပျက်ကိုယ့်မှာ၊ သယ်ဆောင်ပါသည်
တစ်ခါတုန်းက ကျောပိုးအိတ်ကလေး။
ဘဝအဖော် မှတ်ထင်သေး။

✻ အိတ်အတွင်းမှာ၊ ယခုခါတော့
ဟိုခါ ကာလ၊ ဟိုတုန်းကလို
ယူရ ရိက္ခာ၊ မလိုပါတော့
ခြုံလွှာ စောင်ကျား၊ မြေခင်းများလည်း
ထည့်ထားခြင်းမှု၊ ဘယ်မပြုတော့
ပြည်သူ့ ကျန်းမာရေး၊ ကိုဗစ်ဘေးကို
ဝေးကွာစေအောင်၊ ပပျောက်အောင်လျှင်
ဦးဆောင်ကြပ်မတ်၊ ကွပ်ကဲရသည့်
ဒေသ ရပ်ဌာန်၊ တာဝန်ခံမို့
စီမံ တွက်ချက်၊ အဘက်ဘက်မှ
စာရွက် စာတမ်း၊ အဆန်းဆန်းနှင့်
လက်ကမ်းကြော်ငြာ၊ သတိပေးလွှာများ
ကောင်းစွာထုပ်ပိုး၊ ချည်နှောင်ကြိုးနှင့်
ကျောပိုးအိတ်ကလေး အတွင်းဆီ။
အမြတ်တနိုး သယ်ဆောင်ချီ။
ပြည်သူ့အတွက် ခရီးရှည်။

✻ ဪ... စစ်မြေစခန်း၊ ခရီးကြမ်းကို
ဖြတ်သန်း တိုင်းသာ၊ ကျောတွင်ပါလျက်
သဟာမိတ်ရင်း၊ သူငယ်ချင်းလို
ရင်းနှီး ပွေ့ပိုက်၊ မမေ့ထိုက်ခဲ့
တိုက်ပွဲတူတကွ၊ ဝင်ခဲ့ရ၍
ငယ်က ချစ်သော၊
ကျောပိုးအိတ်ကလေး၊ ရဲဘက်သွေးကို
စစ်ရေး ဝန်တာ၊ ပြီးဆုံးပါ၍
ခုခါနယ်ဘက်၊ ခရီးဆက်လည်း
ခွဲရက်ခြင်းငှာ၊ မရှိပါ၍
ကိုယ်သွားရာသော်၊ သူ့ကိုခေါ်၏
သင့်လျော်ရာရာ၊ သယ်ဆောင်ကာလျှင်
ဟိုခါ လိုပင်၊ ကိုယ်နှင့် ယှဉ်၍
ပြည်ခွင် တိုင်းကျိုး၊ ဆောင်သယ်ပိုးမို့
မိုးမိုး နွေနွေ၊ ပြောင်းခဲ့ပေလည်း
နွေနွေ ဆောင်းဆောင်း၊ ဘယ်သို့ညောင်းလည်း
မပြောင်း မလဲ၊ မဟောင်းဘဲလျှင်
ရဲသွေး နီပြား၊ သူ... စစ်သားပေ
ကြိုးစားပြည့်ဝန်၊ ထမ်းကျေပွန်မို့
မွန်မြတ်သည့်စိတ်၊ ထို ပုံရိပ်ကို
တဆိတ် သဘော၊ ပြန်စစ်ကြောလျှင်
ကျောပိုး အိတ်ကလေး သူ့အသွင်သည်။
တပ်မတော်သားတို့ ပုံဟန်ညီ။
ခရီးမပျက် ရှေ့ဆက်ညီ။
လေးမြတ်ဂုဏ်ယူရပါသည်။ ။

**ရဲမင်းစိုး**

**(၇၇) နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုလျက်**

---

☆ **စာမျက်နှာ ၁၃ မှ**

ကာကွယ်နေကြသူများဖြစ်သည့် တပ်မတော်သားများအပေါ်သို့ ကျရောက်လာသဖြင့် ဘဝတွင် အပိုပစ္စည်းမပါသည့် လူ့အသက်တို့ဖြင့် ပေးဆပ်ရကာ ထိန်းသိမ်းစောင့်ရှောက်ရန် လိုပါလိမ့်မည်။ ပညာတစ်မျိုးတည်းဖြင့် မရနိုင်ပါ။ သို့အတွက် ထိုကာကွယ်ရေးသည် တန်ဖိုးကြီး၏။ ပြည်ပကျူးကျော်မှုကို လက်နက်ကိုင်တပ်မတော်သားများအပြင် ဉာဏတိုက်စစ်မှူးတို့၏ ပညာရေးခံကတုတ်က **“ဤရေ၊ ဤမြေ၊ ဤနိုင်ငံသည် ချစ်ထိုက်၊ မြတ်နိုးထိုက်ပြီး ဘိုးဘွားအမွေအနှစ်အစစ်ဖြစ်၍ တစ်လက်မမျှ ကျူးကျော်မခံပါ၊ အသက်ပေး ကာကွယ်သွားမည်”** ဟူသည့် စိတ်ထားပိုင်ရှင် နိုင်ငံသား အရန်အင်အားများကိုလည်း အဆင်သင့်ဖြစ်နေအောင် ကျောင်းဆရာများက လေ့ကျင့်ပေးရပါလိမ့်မည်။

ဉာဏတိုက်စစ်မှူးများ၏ ကျောင်းက အဖျက်မှိုင်းမိသူများ မရှိရလေအောင် လေ့ကျင့်ပေးနိုင်ပါမှ တပ်မတော်သားများ၏ အသက်ဖြင့် ပေးဆပ်မှုများ နည်းပါးသွားမည်ဖြစ်ကြောင်းကိုလည်း အထူးသတိပြုနေရပါမည်။ သို့ဖြစ်၍ ပညာရေးခံကတုတ်ကို မည်သည့်နည်းနှင့်မျှ ကျိုးပေါက်ခံ၍မရနိုင်ပါ။ ကျိုးပေါက်ခဲ့လျှင် နောက်ဆက်တွဲအနေဖြင့် နိုင်ငံပေါင်းများစွာ၏ အဝေးထိန်းစနစ်ဖြင့် ကျွန်ဇာတ်သွင်းခံရသည့် **“ခေတ်သစ်ဘုံကျွန်ဘဝ”** (သို့မဟုတ်) **“သူများဩဇာခံရုပ်သေးနိုင်ငံမျိုး”** အဖြစ်သို့ ပြန်လည်ရောက်သွားနိုင်ပါသည်။

**“ကျွန်တော်တို့ မျိုးဆက်သစ်များကို ထိုဘဝမျိုး အရောက်မခံနိုင်ပါ”** ဆိုသည့်ခံယူချက် ဆရာများတွင် မဖြစ်မနေရှိရပါမည်။ ပြီးလျှင် ထိုသို့ပြင်းပြသည့် အမျိုးသားကာကွယ်ရေးစိတ်ဓာတ်နှင့် အလေ့အကျင့်ကို ကျောင်းမှထွက်သွားသည့် မျိုးဆက်တိုင်းဆီသို့ လက်ဆင့်ကမ်းနိုင်ရပါလိမ့်မည်။ ဤသို့ဆိုလျှင် **“မြင့်မြတ်သည့်ဝန်ထမ်း”** အင်အားစု နှစ်မျိုးဖြစ်သည့်ကျောင်းဆရာများနှင့်တပ်မတော်သားတို့သည် နိုင်ငံကိုချစ်စိတ်၊ နိုင်ငံကို ကာကွယ်လိုစိတ် ပြင်းထန်စွာဖြင့် ပညာနှင့် အသက်သွေးချွေးများ စတေးလျက် ရှေ့တန်းအသီးသီးမှ အင်အားတောင့်တင်းစွာဖြင့် ရဲရဲရင့်ရင့်ကာကွယ်ပေးနေသမျှ ကာလပတ်လုံး ကျွန်တော်တို့ နိုင်ငံတော်သည် လွတ်လပ်သည့်နိုင်ငံအဖြစ် ကမ္ဘာ့မြေပုံပေါ်တွင် ကမ္ဘာတည်နေသရွေ့ ကြွားကြွားဝင့်ဝင့် ဆက်လက်တည်ရှိနေမည်ဟု ယုံကြည်မိပါသဖြင့် မြန်မာ့သမိုင်းတစ်လျှောက် **“မြင့်မြတ်သည့် တာဝန်များ”** ထမ်းဆောင်ခဲ့ကြသည့် ကျောင်းဆရာများနှင့် တပ်မတော်သားများကို လေးစားဂုဏ်ပြုလျက် ရေးသားလိုက်ရပါသည်။ ။

**ကိုးကား**


(၁) **ဘိုးလှိုင် (၂၀၀၇) မြန်မာပြန်သည့် ဘာထရန်ရပ်ဆဲလ်၏ “ကျောင်းဆရာအလုပ်”။ အတွေးအမြင် အမှတ် (၁၈၉)**

(၂) **ဒေါက်တာမောင်သင်း (၂၀၁၂) ကျောင်းဆရာနှင့် နိုင်ငံကာကွယ်ရေး**

# မြောက်ကိုရီးယားနိုင်ငံက တိုက်ချင်းပစ်ဒုံးကျည်အမျိုးအစားသစ်တစ်စင်း အောင်မြင်စွာစမ်းသပ်ပစ်လွှတ်

ပြုံယမ်း မတ် ၂၆

မြောက်ကိုရီးယား နိုင်ငံက တိုက်ချင်းပစ်ဒုံးကျည်အမျိုးအစားသစ်တစ်စင်းကို ယမန်နေ့က အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်ခဲ့ကြောင်း သတင်းများအရ သိရသည်။

**တိုက်ရိုက်ထုတ်လွှင့်ပြသ**

အဆိုပါ ဒုံးကျည်ပစ်လွှတ်မှုကို နိုင်ငံပိုင် ရုပ်သံလိုင်းတွင် ၁၆ မိနစ်ကြာ တိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။

ခေါင်းဆောင် ကင်ဂျုံအန်က တိုက်ချင်းပစ်ဒုံးကျည်အမျိုးအစားသစ်ဖြစ်သည့် Hwasong-17 ဒုံးကျည်အား ၎င်း၏ဒုံးပစ်စင်သို့ လိုက်ပါပို့ဆောင်ပေးခဲ့သည်။

အဆိုပါတိုက်ချင်းပစ် ဒုံးကျည်သည် အမြင့်ကီလိုမီတာ ၆၂၀၀ ကျော်အထိ ရောက်ရှိခဲ့ကြောင်းနှင့် အချိန်အားဖြင့် ၆၇ မိနစ်ခန့် ပျံသန်းကာ ဂျပန်ပင်လယ်အတွင်းရှိ ပစ်မှတ်ကို ထိမှန်ခဲ့ကြောင်း အာဏာရအလုပ်သမားများ ပါတီသတင်းစာက သတင်းဖော်ပြသည်။





အမေရိကန်နိုင်ငံ၏ ကျူးကျော်နယ်ချဲ့မှုကို ကာကွယ်ရန် နျူကလီးယား ဒုံးလက်နက်များ ဖွံ့ဖြိုးမှုကို ဆက်လက်စမ်းသပ်ပြုလုပ်သွားမည် ဖြစ်ကြောင်း ခေါင်းဆောင် ကင်ဂျုံအန်၏ ပြောကြားမှုကို အဆိုပါသတင်းစာက ကိုးကားဖော်ပြသည်။

ယင်းဒုံးကျည်အမျိုးအစားသစ်ကို ပြုံယမ်းမြို့တော်ရှိ နိုင်ငံတကာလေဆိပ်တစ်ခုမှ စမ်းသပ်ပစ်လွှတ်ခြင်းဖြစ်ပြီး ဂျပန်နိုင်ငံ၏ သီးသန့်စီးပွားရေးဇုန် နယ်နိမိတ်အတွင်း ကျရောက်ခဲ့သည်ဟု ဂျပန်တာဝန်ရှိသူများက ဆိုသည်။

ယခုဒုံးကျည်အမျိုးအစားသစ် စမ်းသပ်ပစ်လွှတ်မှုသည် ၂၀၁၇ ခုနှစ်မှစပြီး ပထမဆုံးအကြိမ် ပြန်လည် စမ်းသပ်ပစ်လွှတ်ခြင်း ဖြစ်သည်။

**ထပ်မံစမ်းသပ်ပစ်လွှတ်ဖွယ်ရှိ**

ထို့ပြင် ယင်းဒုံးကျည်အမျိုးအစားသစ်တစ်စင်းကို ဧပြီလတွင် ကျရောက်သည့် မြောက်ကိုရီးယားနိုင်ငံတည်ထောင်သူ ကင်အီဆန်၏ ၁၁၀ နှစ်မြောက်မွေးနေ့မတိုင်မီ ထပ်မံ စမ်းသပ်ပစ်လွှတ်နိုင်ဖွယ်ရှိကြောင်း နိုင်ငံရေးစောင့်ကြည့်လေ့လာသူများက ဆိုသည်။

မြောက်ကိုရီးယား နိုင်ငံ၏ တိုက်ချင်းပစ်ဒုံးကျည် အမျိုးအစားသစ် စမ်းသပ်ပစ်လွှတ်မှုကို အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံများအပါအဝင် နိုင်ငံပေါင်း ၁၅ နိုင်ငံက ရှုတ်ချကြောင်း သိရသည်။

မြောက်ကိုရီးယား၏ ဒုံးကျည်ပစ်လွှတ်မှုနှင့် ပတ်သက်ပြီး ကျင်းပသည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အရေးပေါ်အစည်းအဝေးပြီးနောက် အဆိုပါ ၁၅ နိုင်ငံက ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

မြောက်ကိုရီးယား နိုင်ငံသည် နိုင်ငံတကာ အသိုက်အဝန်း၏ တည်ငြိမ်အေးချမ်းမှုကို ခြိမ်းခြောက်လျက်ရှိသည့် တာဝေးပစ်ဒုံးကျည်များစမ်းသပ်မှုကို ပြန်လည် လုပ်ဆောင် လျက်ရှိကြောင်း အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**



## တရုတ်နိုင်ငံ၏ ဖေဖော်ဝါရီလအတွင်း မိုဘိုင်းဖုန်းတင်ပို့ရောင်းချမှု ၁၄ ဒသမ ၈၆ သန်းရှိခဲ့

ပေကျင်း မတ် ၂၆

တရုတ်နိုင်ငံ၏ မိုဘိုင်းဖုန်းတင်ပို့ရောင်းချမှုသည် ဖေဖော်ဝါရီလအတွင်းက ၁၄ ဒသမ ၈၆ သန်းရှိခဲ့ခြင်းကြောင့် လွန်ခဲ့သည့်နှစ်ကထက် ၃၁ ဒသမ ၇ ရာခိုင်နှုန်း လျော့ကျမှုဖြစ်ပေါ်ခဲ့ကြောင်း တရုတ်နိုင်ငံသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအကယ်ဒမီ၏ ထုတ်ပြန်ချက်အရ သိရသည်။

**၂၄ ဒသမ ၅ ရာခိုင်နှုန်းလျော့ကျခဲ့**

အဆိုပါကာလအတွင်း တရုတ်နိုင်ငံ၏ 5G မိုဘိုင်းဖုန်းတင်ပို့ရောင်းချနိုင်မှု ပမာဏသည် ၁၁ ဒသမ ၃၇ သန်းရှိခဲ့ကြောင်း၊ ယင်းအရေအတွက်သည် လွန်ခဲ့သည့်နှစ်ကထက် ၂၄ ဒသမ ၅ ရာခိုင်နှုန်းလျော့ကျခဲ့ခြင်းဖြစ်ကြောင်း တရုတ်နိုင်ငံစက်မှုနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနအောက်ရှိ တရုတ်နိုင်ငံသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာအကယ်ဒမီက ပြောကြားသည်။

ယခုနှစ် ပထမနှစ်လတာကာလအတွင်း တရုတ်နိုင်ငံ၏ မိုဘိုင်းဖုန်းတင်ပို့မှု စုစုပေါင်း ၄၇ ဒသမ ၈၉ သန်းရှိခြင်းကြောင့် ပြီးခဲ့သည့်နှစ် အလားတူကာလနှင့် နှိုင်းစာပါက ၂၂ ဒသမ ၆ ရာခိုင်နှုန်းလျော့ကျမှုဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် ၂၀၂၁ ခုနှစ်အတွင်း 5G မိုဘိုင်းဖုန်း ၂၆၆ သန်းတင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ်နှင့် နှိုင်းစာပါက ၆၃ ဒသမ ၅ ရာခိုင်နှုန်းအထိ သိသိသာသာ မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

## အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ခြောက်သန်းနီးပါးရှိလာ

ဂျကာတာ မတ် ၂၆

အင်ဒိုနီးရှားနိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၄၁၈၉ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၅၉၉၅၈၇၆ ဦးရှိလာကြောင်း အင်ဒိုနီးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့သတင်းထုတ်ပြန်သည်။

**ပြန်လည်ကောင်းမွန်လာ**

လွန်ခဲ့သော ၂၄ နာရီအတွင်း ၁၀၇ ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၁၅၄၅၇၀ ရှိလာကြောင်း သိရသည်။ သို့သော် လွန်ခဲ့သော ၂၄ နာရီအတွင်း လူနာ ၁၀၉၄၃ ဦး ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၅၇၀၂၁၆၃ ဦးရှိလာပြီဖြစ်သည်။

အင်ဒိုနီးရှားအစိုးရက ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်အထိ ပြည်သူ ၁၉၅ ဒသမ ၇၁ သန်းကျော်သည် ကာကွယ်ဆေးပထမအကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ပြီး ပြည်သူ ၁၅၇ ဒသမ ၅၆ သန်းကျော်သည် ကာကွယ်ဆေးဒုတိယအကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ပြီးခဲ့သည့်နှစ် ဇန်နဝါရီလတွင် စတင်ခဲ့ပြီး တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး Sinovac ကို အသုံးပြုလျက်ရှိသည်။

အင်ဒိုနီးရှားအစိုးရက ပြည်သူ ၂၀၈ ဒသမ ၂၆ သန်းအား ကာကွယ်ဆေးအပြည့်အဝထိုးနှံပေးရန် ရည်ရွယ်ထားသည်။ လက်ရှိတွင် ကာကွယ်ဆေးအလုံးရေ ၃၇၂ ဒသမ ၉၃ သန်းကျော်အား ထိုးနှံပေးပြီးဖြစ်သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

## နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၄၁၇၅ ဦး ထပ်မံတွေ့ရှိ

ဝယ်လင်တန် မတ် ၂၆

နယူးဇီလန်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၁၇၅ ဦးထပ်မံတွေ့ရှိခဲ့ကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အဆိုပါတစ်ရက်အတွင်း ကူးစက်ခံရသူများအနက် ၂၆၅၂ ဦးသည် နယူးဇီလန်နိုင်ငံ၏ အကြီးဆုံးမြို့ဖြစ်သည့် အော့ကလန်တွင် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်းနှင့် ကျန်ရှိသူများမှာ နိုင်ငံတစ်ဝန်းတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။



**သေဆုံးသူ ၂၀ ထပ်မံတွေ့ရှိ**

ယနေ့တွေ့ရှိခဲ့သည့် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများအနက် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသည့် ၂၇ ဦး အပါအဝင် ကိုဗစ်-၁၉ ရောဂါလူနာ ၈၄၁ ဦးသည် နယူးဇီလန်နိုင်ငံရှိ ဆေးရုံများ၌ ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်းနှင့် ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၀ ထပ်မံတွေ့ရှိခဲ့ကြောင်း သိရသည်။

လက်ရှိတွင် နယူးဇီလန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၅၈၆၁၅၇ ဦးရှိလာကြောင်း နယူးဇီလန်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အလင်းသစ်**

✻ ကျောဖုံးမှ

ငွေကျပ် သိန်း ၆၀ ခန့်ကို လုယက်ယူဆောင်၍ ဆီပန့်များအနီးသို့ လက်ပစ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်ဖောက်ခွဲကာ ဆီပန့်အား ၎င်းတို့ထံတွင် အသင့်ယူဆောင်လာသည့် မီးတုတ် နှစ်ချောင်းဖြင့် မီးရှို့ဖျက်ဆီး၍ Probox မော်တော်ယာဉ်ဖြင့်ပင် ထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အကြမ်းဖက်သမားများ ထွက်ခွာသွားပြီးနောက် ဆိုင်ဝန်ထမ်းများသည် မီးလောင်လျက်ရှိသည့် ဆီပန့် နှစ်ခုအား မီးသတ်ဆေးဘူးများဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ကြောင်း၊ အကြမ်းဖက်သမားများ၏ ဖျက်ဆီးခဲ့မှုကြောင့် ဆီပန့် နှစ်ခု မီးလောင်ပျက်စီးကာ ငွေသိမ်းကောင်တာတွင် ကာရံထားသည့်မှန်များ ကွဲအက်ပျက်စီးခဲ့ကြောင်းနှင့် ဖြစ်စဉ်နေရာမှ အကြမ်းဖက်သမားများ မီးရှို့ရာတွင် အသုံးပြုခဲ့သည့် သစ်သားမီးတုတ် နှစ်ချောင်းနှင့် လက်ပစ်ဗုံး လီဗာတံ တစ်ခု၊ 9 MM ကျည်ခွံ လေးခုတို့ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ဘုရင့်နောင်လမ်းပေါ်ရှိ မြမေတ္တာမွန် စက်သုံးဆီ အရောင်းဆိုင်သို့ ယနေ့နံနက် ၅ နာရီ ၁၀ မိနစ်တွင် အကြမ်းဖက်သမား အမျိုးသား သုံးဦးတို့ ဝင်ရောက်လာပြီး ဝန်ထမ်းများဖြစ်သည့် ဦးစောလွင်ဦး (၄၀)နှစ် (ဘ)ဦးကျော်ငြိမ်း၊ ဦးစိုးမိုးနိုင်(၃၇)နှစ် (ဘ)ဦးမိုးညိုနှင့် ဦးအေးကြိုင် (၃၅)နှစ်(ဘ) ဦးကျော်အေးတို့ သုံးဦးအား နှိုးကာ ဆိုင်အတွင်း သေနတ်တစ်ချက် ပစ်ဖောက်၍ ဆီပန့် သုံးခုအား ဓာတ်ဆီဖျန်းမီးရှို့ခဲ့ကြောင်း၊ ငွေသိမ်း ကောင်တာ သုံးခုအနက် ဆိုင်အလယ်ရှိ ငွေသိမ်းကောင်တာအား လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားကြောင်း၊ ဆီပန့်သုံးခု၌ မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် ဦးစောလွင်ဦးတို့ သုံးဦးနှင့် အနီးပတ်ဝန်းကျင်မှ ပြည်သူများက ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ ၁၀ မိနစ်ခန့် အကြာတွင် မီးငြိမ်းသွားခဲ့ကြောင်းနှင့် ဆိုင်ဝန်ထမ်း သုံးဦးတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆီပန့်သုံးခုနှင့် ငွေသိမ်းကောင်တာအတွင်းရှိ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း ခန့်မှန်းတန်ဖိုးငွေကျပ် သိန်း ၅၀၀ ခန့် ပျက်စီးဆုံးရှုံးခဲ့ကြောင်းနှင့် အကြမ်းဖက်သမားများ အသုံးပြုခဲ့သည့် ခြောက်လုံးပြူး သေနတ်တစ်လက်၊ ၎င်းကျည် လေးတောင့်နှင့် ကျည်ခွံတစ်ခုတို့ သိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်များမှ အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ DENKO စက်သုံးဆီအရောင်းဆိုင်သို့ အကြမ်းဖက်သမား ခြောက်ဦးက မော်တော်ယာဉ်တစ်စီးဖြင့် ရောက်ရှိလာပြီး သေနတ်ပစ်ဖောက် ခြိမ်းခြောက်ကာ ဆီရောင်းချငွေ ငွေကျပ်သိန်း ၆၀ အား လုယက်ယူဆောင်၍ ဆီပန့်များအား လက်ပစ်ဗုံးဖြင့်ဖောက်ခွဲကာ မီးတုတ်များဖြင့် မီးရှို့ဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ကြေညာထားသည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ထောက်ပံ့ခြင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းတက်ရောက်ခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သူများကို ပြစ်ဒဏ်အသီးသီး ချမှတ်



အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ည) အမှုမှ တရားခံ အောင်မြတ်စိုး(ခ) အောင်လေး၏ မှတ်တမ်းဓာတ်ပုံ။



အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ဈ) အမှုမှ တရားခံ ထွန်းသက်ဝင်း၏ မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် မတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဇီးကုန်းကျေးရွာ(အလယ်ပိုင်း)နေ ထွန်းသက်ဝင်း(ဘ)ဦးစိန်သောင်းနှင့် မြတ်သီရိလမ်း အမှတ်(၂)ရပ်ကွက်နေ အောင်မြတ်စိုး(ခ) အောင်လေး (ဘ) ဦးဌေးဝင်းတို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၁)ဖြင့် အကြမ်းဖက်အုပ်စုများအဖြစ် သတ်မှတ်ကြေညာထားသည့် အဖွဲ့အစည်းများနှင့် ဆက်သွယ်ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းတက်ရောက်ခြင်း၊ လက်နက်၊ ခဲယမ်းများ သို့ဝှက်သယ်ဆောင်ပေးခြင်းတို့ကြောင့် စစ်အုပ်ချုပ်ရေး(Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၀(ဈ)နှင့် ၅၀(ည)တို့အရ ၂၀၂၂ ခုနှစ် မတ် ၂၅ ရက်တွင် ၎င်းတို့နှစ်ဦးကို “ထောင်ဒဏ်တစ်သက်” ပြစ်ဒဏ်အမိန့် ချမှတ်လိုက်ကြောင်း သိရသည်။

စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# တောင်ငူမြို့၌ အဆင့်မြင့်မိုးလုံလေလုံအားကစားရုံ တည်ဆောက်မှု ၉၀ ရာခိုင်နှုန်း ပြီးစီး

**တောင်ငူ မတ် ၂၆**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်အတွင်းရှိ တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်လာစေရန်နှင့် လူငယ် လူရွယ်များအနေဖြင့် မူးယစ်ကင်းစင်ပြီး အားကစားကဏ္ဍဘက်တွင် ပိုမိုစိတ်ဝင်စားလာစေရန် ရည်ရွယ်၍ ခရိုင်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေဖြင့် ခရိုင်အားကစားကွင်း ဧရိယာအတွင်း ဆောင်ရွက်လျက်ရှိသည့် အဆင့်မြင့် မိုးလုံလေလုံအားကစားရုံ တည်ဆောက်ခြင်းလုပ်ငန်းမှာ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ မိုးလုံလေလုံ အားကစားရုံကို ၂၀၂၁ -၂၀၂၂ ဘဏ္ဍာနှစ် ပြည်ထောင်စုဘတ်ဂျက်ရန်ပုံငွေကျပ်သန်း ၁၄၅၅ ဖြင့် ပရိသတ် ၁၃၄၄ ဦး ဝင်ဆံ့မည့် အလျား ပေ ၁၈၀၊ အနံ ပေ ၁၅၀၊ အမြင့် ၄၂ ပေရှိ Steel Structure အဆင့်မြင့် မိုးလုံလေလုံ အားကစားရုံ တည်ဆောက်ခြင်းလုပ်ငန်းကို ထူးလင်းကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ အဆိုပါ အားကစားရုံကို ၂၀၂၂ ခုနှစ် ဇန်နဝါရီလမှစတင်၍ တည်ဆောက်လျက်ရှိရာ မတ်လကုန်တွင် အပြီးဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆင့်မြင့် မိုးလုံလေလုံ အားကစားရုံ တည်ဆောက်ပြီးစီးပါက အဆိုပါအားကစားရုံတွင် လက်ဝှေ့၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်ရိုက်၊ စားပွဲတင်တင်းနစ်၊ ဘတ်စကက်ဘော၊ ဖူဆယ်၊ တိုက်ကွမ်ဒို၊ ဂျူဒို စသည့် အားကစားနည်းများကို ကစားနိုင်မည် ဖြစ်ကြောင်း ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ သိရသည်။

**ခရိုင် (ပြန်/ဆက်)**

■





# မိုင်းယန်းမြို့နယ် ယန်းကောင်ကျေးရွာအုပ်စုအတွင်း တံတားနှစ်စင်းတည်ဆောက်ပြီးစီး

**မိုင်းယန်း မတ် ၂၆**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၉၃ ဒသမ ၀၄၇ သန်းဖြင့် ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံခရိုင် မိုင်းယန်းမြို့နယ် ယန်းကောင်ကျေးရွာအုပ်စု ဝမ်ယို့မိုင်-နာကျော့လမ်းပေါ်ရှိ ပေ ၂၀ တံတားတစ်စင်းနှင့် ဟိုပုန်း(ဟုတ်ပုံ)-ဝမ်ယို့မိုင်လမ်းပေါ်တွင် ၁၅ ပေတံတားတစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးကြောင်း သိရသည်။

**ငွေကြယ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် (၁၂)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

(ယမန်နေ့မှအဆက်)

ဧရာဝတီမြစ်အနောက်ဘက် လမ်းပိုင်းများဖြစ်သည့် ပုသိမ်-ဟသ်ာတ-ကြံခင်းလမ်းပိုင်းနှင့် အရှည်မိုင် ၃၂၀ ဖြစ်သည့် ကြံခင်း- ပခုက္ကူလမ်းပိုင်းကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကွပ်ကဲမှုဖြင့် မြန်မာ့မီးရထားက မကြာမီအဆင့်မြှင့်တင်ပြုပြင်သွားမည်ဖြစ်ကြောင်း၊ ယနေ့တွင် ပြည်တော်သာ- စစ်တွေ-ရေချမ်းပြင် ရထားလမ်းပိုင်း RPE ရထားပြန်လည်ပြေးဆွဲပါကြောင်း၊ မနက်ဖြန်တွင် မန္တလေး - သရဲဈေး မြို့ပတ်ရထားလမ်းကို ပြန်လည်ပြေးဆွဲသွားမည်ကို အသိပေးလိုပါကြောင်း။

**ဒီမိုကရေစီခရီး ဖြောင့်ဖြူးသာယာမည်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ခရီးစဉ်တွင် ကျိုင်းတုံမြို့ မြို့မိ၊ မြို့ဖများ ဌာနဆိုင်ရာများနှင့် တွေ့ဆုံစဉ် ပညာရေးနှင့် ပတ်သက်ပြီး ပြောကြားခြင်းရှိကြောင်း၊ ပညာတတ်များပေါ်ကြွယ်ဝခြင်းသည် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်ရန်နှင့် တိုင်းပြည်၏ အနာဂတ်ကောင်းကို ပိုင်ဆိုင်ခြင်းပင်ဖြစ်ကြောင်း၊ ပညာရေးသည် နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် အောင်မြင်တိုးတက်သည့် နိုင်ငံများကိုကြည့်လျှင် နိုင်ငံ၏ ပညာရေးစနစ်နှင့် ၎င်းပညာရေးစနစ်မှ ထွက်ပေါ်လာသည့် လူ့စွမ်းအားအရင်းအမြစ်များ၏ ပညာရည် အဆင့်မြင့်မားမှုတို့ကို တွေ့ရမည်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍအား အလေးပေးဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏အနာဂတ်ကို ရင်းနှီးမြှုပ်နှံခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ကြားရေးတွင် အခက်အခဲများ ဖြစ်ပေါ်ခဲ့သည့်အတွက် ပညာရေးနိမ့်ကျမှုများဖြစ်ပေါ်ခဲ့မှုရှိကြောင်း၊ ပြည်နယ်နှင့် တိုင်းရင်းသားဒေသအချို့တွင် ဘာသာစကားအခက်အခဲများနှင့် အခြားသော သွားလာရေးအခက်အခဲများကြောင့် ပညာရေးအားနည်းခဲ့ခြင်းရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၁၁ ခုနှစ်မှစ၍ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကာလ စတင်ခဲ့ကြောင်း၊ အသွင်ကူးပြောင်းရေးသည် ယနေ့ဆိုလျှင် ဆယ်စုနှစ်တစ်ခုကျော်သာရှိပါသေးကြောင်း၊ ဒီမိုကရေစီဆိုရာတွင် ပြည်သူကအဓိကဖြစ်ပါကြောင်း၊ ပြည်သူတို့၏ နိုင်ငံရေးအသိက နိုင်ငံ၏အနာဂတ်ကို အဆုံးအဖြတ်ပြုမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူများ၏ အတွေးအခေါ်မှန်ကန်မှုသည် ဒီမိုကရေစီနိုင်ငံအတွက် အလွန်အရေးကြီးပါကြောင်း၊ ထို့ကြောင့် ပြည်သူလူထု၏ အတွေးအခေါ်မှန်ကန်ရေး၊ လူမှုစီးပွားဘဝတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေး၊ အနာဂတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးများရှိရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်သူ့အခြေပြု လူ့စွမ်းအားအရင်းအမြစ်များဖြင့် လူမှုစီးပွားတိုးတက်အောင် ဆောင်ရွက်မှ မိမိတို့နိုင်ငံသည် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် အေးချမ်းစွာလျှောက်လှမ်းနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ လူဦးရေ ၅၄ သန်းရှိသည့်အနက် အခြေခံပညာအလယ်တန်း အဆင့်သာရှိသူဦးရေ ၅ သန်း ၆ သိန်းခန့်ရှိပါကြောင်း၊ လက်ရှိပညာရေးအခြေအနေဖြစ်ကြောင်း၊ ထို့ကြောင့် ပညာအခြေပြု လူမှုစီးပွားအခြေပြု တိုးတက်မှုအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးခြင်း၊ ပညာရေးဝန်းကျင်ကောင်း ဖန်တီးပေးခြင်း ပညာရပ်နယ်ပယ်အလိုက် အသိပညာရှင်၊ အတတ်ပညာရှင်၊ နည်းပညာ အသက်မွေးကျွမ်းကျင်သူများ ပေါ်ထွန်းလာစေရန် လေ့ကျင့်ပေးခြင်းဖြင့် ပညာရေးကဏ္ဍကို မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ ချမှတ်ထားသည့် ပညာရေးနှင့်ပတ်သက်သည့် မူဝါဒများကို အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် အခြေခံပညာရေးဆိုင်ရာ ရည်မှန်းချက်နှင့် မူဝါဒသည် နိုင်ငံသားတိုင်း KG+9 အခြေခံပညာအလယ်တန်းအဆင့် အနိမ့်ဆုံးပြီးမြောက်စေရေးကို ဦးစားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နောင်လာမည့် အစိုးရများအနေဖြင့် ပညာရည်မြှင့်တင်ရေးအတွက် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဟု ယုံကြည်ပါကြောင်း၊ ပညာတတ်များ ပေါ်ကြွယ်ဝမှသာလျှင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီခရီး လျှောက်လှမ်းမှုသည်လည်း ဖြောင့်ဖြူးသာယာမည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၁၂)ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကျင်းပစဉ်။

**ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်မှု**

ဒုတိယအချက်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်မှုအခြေအနေကို ပြောကြားလိုကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စေရန် သက်ဆိုင်ရာအဖွဲ့အစည်းများ၊ သက်ဆိုင်သူများအနေဖြင့် သဘောထားမှန်ကန်ပြီးတူညီသော စိတ်ဆန္ဒများရှိရန် လိုအပ်ကြောင်း၊ နိုင်ငံတော် အစိုးရအနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ မထိခိုက်စေရန် တတ်နိုင်သမျှ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်လျက်ရှိကြောင်း။

အစိုးရအနေဖြင့် တာဝန်စတင်ထမ်းဆောင်ခဲ့သည့်ကာလတွင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် ဆက်လက်အကောင်အထည်ဖော်နိုင်ရန် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် နိုင်ငံရေးဦးတည်ချက် (၃) ရပ်တွင် ထည့်သွင်းထားခြင်းဖြင့် အလေးအနက်ထားမှုရှိကြောင်းကို အားလုံးတွေ့မြင်ရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် EAO များ အဆိုပြုထားသည့် NCA လမ်းကြောင်းပေါ်တွင် အခိုင်အမာရပ်တည်ပြီး ငြိမ်းချမ်းရေးလမ်းကြောင်းကို ဆက်လက်လျှောက်လှမ်းနေလျက်ရှိပါကြောင်း၊ လက်ရှိအခြေအနေတွင် အစိုးရနှင့် တပ်မတော်အနေဖြင့် အကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာထားသည့် အဖွဲ့အစည်းများမှအပ မည်သည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဖြင့်မဆို တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်သည်ဟု အတိအလင်းကြေညာထားပြီး ဖြစ်ပါကြောင်း။

ငြိမ်းချမ်းရေးလုပ်ငန်းများ ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ကော်မတီသုံးရပ်ဖွဲ့စည်းခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးဆောင်ရွက်သည့် နေရာတွင် တွေ့ဆုံဆွေးနွေးရေးယန္တရားသည် မရှိမဖြစ်လိုအပ်သည့်အတွက် ငြိမ်းချမ်းရေးကော်မတီသည် သက်ဆိုင်ရာဆွေးနွေးဖက်အဖွဲ့အစည်းများနှင့် အလွတ်သဘောတွေ့ဆုံမှုများ၊ Virtual တွေ့ဆုံမှုများ၊ တရားဝင်တွေ့ဆုံမှုများပြုလုပ်ပြီး မပြတ်ထိတွေ့ဆက်ဆံလျက်ရှိပါကြောင်း၊ ထိုသို့ဆွေးနွေးရာတွင် ဖေဖော်ဝါရီ ၁ ရက်မှစပြီး ယနေ့အထိ အလွတ်သဘော တွေ့ဆုံဆွေးနွေးမှု Video Conferencing ၁၃ ကြိမ်၊ နေပြည်တော်တွင် တွေ့ဆုံမှု ၂၅ ကြိမ်၊ တိုင်းရင်းသားလက်နက်ကိုင်များရှိရာဒေသတွင် သွားရောက်တွေ့ဆုံမှု ၁၃ ကြိမ် စုစုပေါင်း ယနေ့အထိ ၅၁ ကြိမ် ဆွေးနွေးခဲ့ပါကြောင်း၊ အချို့သော EAO များအနေဖြင့် စေ့စပ်ဆွေးနွေးရေးကို မသွားဘဲ တိုက်ပွဲဝင်သွားမည်ဟု ထုတ်ဖော်ပြောကြားလာခြင်းသည် ၎င်းတို့၏ ရပ်တည်ချက်သဘောသာဖြစ်ပါကြောင်း၊ ပြည်သူလူထုအတွက် မငြိမ်းချမ်းသည့် ပတ်ဝန်းကျင်အဖြစ် ဖန်တီးထားလိုသည့် ၎င်းတို့၏ သဘောထားသာ ဖြစ်နိုင်ပါကြောင်း။

**နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ ကျင်းပရမည်**

ထိုသို့ဆွေးနွေးရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေး၊ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းဖြင့် ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရေးနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ လုပ်ဆောင်နိုင်ရေးတို့အတွက် လုပ်ငန်းစဉ်များကို NCA တွင် သဘောတူချမှတ်ထားပြီးဖြစ်ကြောင်း၊ NCA အရ ရေးဆွဲထားသည့်နိုင်ငံရေးဆွေးနွေးမှုမူဘောင်တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ စသည့်အစုအဖွဲ့ အသီးသီးမှပါဝင်သည့် ကိုယ်စားလှယ်များနှင့် နိုင်ငံရေး တွေ့ဆုံဆွေးနွေးပွဲများကို ကျင်းပရမည်ဖြစ်ကြောင်း၊ အချို့တိုင်းရင်းသားလက်နက်ကိုင်များ ပြောဆိုသလို၊ မီဒီယာများလှုံ့ဆော်နေသလို လက်ရှိအနေအထားအရ အစုအဖွဲ့စုံလင်မှုမရှိ၊ လွှတ်တော်နိုင်ငံရေးမရှိ၍ ငြိမ်းချမ်းရေး ပျက်သယောင်ယောင်၊ တိုးတက်မှုများမရှိသယောင်ယောင် နှပ်ကြောင်းပေးပြောဆိုနေကြခြင်းရှိပါကြောင်း၊ ငြိမ်းချမ်းရေး ပျက်စရာအကြောင်းမရှိပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်များရှိရာဒေသအထိ မိမိတို့၏ ငြိမ်းချမ်းရေးအဖွဲ့များ သွားရောက်ဆွေးနွေးနိုင်ခြင်းသည်ပင်လျှင် ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်နေကြောင်း၊ တိုးတက်မှုရှိကြောင်းကို ပြသနေခြင်းဖြစ်ကြောင်း၊ လက်တွေ့ကျသည့် ဆွေးနွေးမှုများ၊ လက်တွေ့ကျသည့် လုပ်ဆောင်မှုရလဒ်များကိုကြည့်လျှင် သိနိုင်ပါကြောင်း၊ မိမိတို့ ငြိမ်းချမ်းရေးဆောင်ရွက်သည့်နေရာတွင် NCA လမ်းကြောင်းအတိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖော်ဆောင်မှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း။

အစိုးရနှင့်တပ်မတော်အနေဖြင့် တစ်ဖက်သတ်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပေးခြင်းဖြင့် ထာဝရငြိမ်းချမ်းရေးအတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲပြုလုပ်နိုင်ရန် မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်သမိုင်းတွင် တစ်ခါမှမရှိခဲ့ဖူးသည့် လိုက်လျောကမ်းလှမ်းချက်များနှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ တပ်မတော်အနေဖြင့် ၂၀၁၈ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်ကစပြီး ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ ပစ်ခတ်တိုက်ခိုက်မှုကို ရပ်စဲထားခဲ့ပါကြောင်း၊ ၂၀၂၂ ခုနှစ် မတ် ၁ ရက်မှ ယခုနှစ်ကုန်ပိုင်းအထိ တစ်ဖက်သတ် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးကို ထပ်မံတိုးမြှင့်ထားပါကြောင်း၊ ဖေဖော်ဝါရီ ၆ ရက်တွင်လည်း “ထာဝရငြိမ်းချမ်းရေးအတွက် ဖိတ်ခေါ်ခြင်းနှင့် စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားသို့ ဖိတ်ကြားခြင်း” ကြေညာချက်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် ထုတ်ပြန်ပေးခဲ့ပါကြောင်း၊ ယခင်ကဆွေးနွေးမှုများတွင် အစိုးရနှင့်တပ်မတော်ဘက်က ကြိုတင်ကန့်သတ်ချက်များကြောင့် မအောင်မြင်ဟု ဝေဖန်ပြောကြားခြင်းများရှိကြောင်း၊ ယခု ထိုကြေညာချက်တွင် မိမိတို့အနေဖြင့် ကြိုတင်ကန့်သတ်ချက်မထားဘဲ တတ်နိုင်သမျှ လွတ်လွတ်လပ်လပ် ဆွေးနွေးရန် ဖိတ်ခေါ်ခဲ့ပါကြောင်း၊ ကမ္ဘာ့နိုင်ငံများ၏ ငြိမ်းချမ်းရေးဖြစ်စဉ်၊ ငြိမ်းချမ်းရေး ကြိုးပမ်းမှုသမိုင်းတွင် ရှားပါးသည့်ဖြစ်စဉ်ဟု ဆိုနိုင်ပါကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် အကျိုးရှိစွာအသုံးချနိုင်ရန် လိုအပ်ပါကြောင်း၊ (၇၅) နှစ်မြောက်စိန်ရတုပြည်ထောင်စုနေ့အခမ်းအနားတွင် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း အဖွဲ့ ခုနစ်ဖွဲ့နှင့် NCA လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းလေးဖွဲ့ စုစုပေါင်း ၁၁ ဖွဲ့ တက်ရောက်ခဲ့ပါကြောင်း။

ဖေဖော်ဝါရီ ၁၃ ရက်တွင် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာနအစည်းအဝေးခန်းမတွင် ညှိနှိုင်းရေးကော်မတီနှင့် လက်မှတ်ရေးထိုးထားပြီးနှင့် မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် အလွတ်သဘော တွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများ ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ဆွေးနွေးရာတွင် မိမိတို့အစိုးရအနေဖြင့် ၂၀၂၂ ခုနှစ်ကို ငြိမ်းချမ်းရေးနှစ်ဟု သတ်မှတ်ထားပြီး အပစ်အခတ် ရပ်စဲရေးလုပ်ထားပါကြောင်း၊ တူညီခြင်းကို လောလောဆယ်ပေါင်းစပ်လုပ်ဆောင်ပြီး မတူညီသည်ကို ဆက်လက်ညှိနှိုင်းမည်ဆိုပါက မိမိတို့ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သည် ရှေ့ပိုရောက်မည်ဖြစ်နိုင်ကြောင်း ဦးတည်ဆွေးနွေးခဲ့ပါကြောင်း။

အချို့နေရာတွင် အချို့သော EAO များသည် အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာထားသည့် NUG၊ CRPH၊ PDF များနှင့်ပူးပေါင်းပြီး အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်နေသည်ကို တွေ့ရပါကြောင်း၊ လက်ရှိအခြေအနေတွင် ပညာရေးနှင့်ပတ်သက်ပြီး အဓိကနှောင့်ယှက်တိုက်ခိုက်နေသည်ကို တွေ့ရပါကြောင်း၊ စာမေးပွဲ ဖြေဆိုနေသည့် ကာလများအတွင်း စာသင်ကျောင်းများကို အကြမ်းဖက်လာရောက်တိုက်ခိုက်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်လျက်ရှိသည်ကို တွေ့ရပါကြောင်း။

စာမျက်နှာ ၁၉ သို့ ✻

❋ စာမျက်နှာ ၁၈ မှ

**တိုင်းပြည်၏အင်အားသည် ပြည်တွင်းမှာသာရှိ**

ယခင်က မိမိတို့နိုင်ငံတွင် ခေတ်တစ်ခေတ်ကို ရောက်ခဲ့ဖူးသည့်အစွန်းရောက်နိုင်ငံရေးအယူဝါဒများ ဆွဲကိုင်ခဲ့ဖူးသည့် အဖွဲ့အစည်းတစ်ဖွဲ့၏ ပြောကြားချက်အတိုင်း လုပ်ဆောင်နေသည်ကို တွေ့ရပါကြောင်း၊ ထိုအဖွဲ့အစည်း၏ ပြောကြားချက်တွင် "တော်လှန်ရေးကို ဖန်တီးခြင်းဖြင့် တော်လှန်ရေးကို သင်ယူကြ" ဆိုသည့် အဆိုအမိန့်ဖြင့် လုပ်ခဲ့ခြင်းများရှိကြောင်း၊ ထိုသို့လုပ်ခဲ့ခြင်းကြောင့် အကျိုးဆက်သည် တော်လှန်ရေးကို ဖန်တီးခြင်းဖြင့် တော်လှန်ရေးကို သင်ယူကြဆိုသည့်အမိန့်ကို လိုက်နာရန် အကောင်အထည်ဖော်ခြင်းသည် စာသင်ခန်းများကို အကန့်အသတ်မရှိ ရပ်ဆိုင်းလိုက်ရသည်ကို တွေ့ရကြောင်း၊ ယခုအချိန်တွင်လည်း ထိုကိစ္စမျိုး ဖော်ဆောင်နေသည်ကို တွေ့ရသည်ကို ပြည်သူလူထုအား သတိချပ်စေလိုပါကြောင်း၊ ငြိမ်းချမ်းရေးအတွက် လက်ရှိအနေအထားတွင် ကိုက်ညီခြင်းများကို ဦးစွာလုပ်မည်ဆိုလျှင် တဖြည်းဖြည်းနှင့် မိမိရည်မှန်းချက်ကို ရောက်လာမည်ဖြစ်ပါကြောင်း၊ စည်းလုံးညီညွတ်သည့် ပြည်ထောင်စုဖြစ်ရန် တောင်းဆိုချက်များ၊ ထိတွေ့မှုများ၊ ဆွေးနွေးမှုများ များများလုပ်လျှင် ဖြစ်လာမည်ဖြစ်ကြောင်း၊ စိတ်ရှည်ရှည်ထားပြီး Emotion နည်းနည်းဖြင့် ဆောင်ရွက်မည်ဆိုလျှင် မိမိလိုချင်သည့် အနေအထားရောက်ရှိလာမည်ဖြစ်ကြောင်း၊ တွေ့ဆုံဆွေးနွေးမှုမရှိလျှင် အဖြေထွက်လာနိုင်စရာမရှိပါကြောင်း၊ တိုင်းပြည်၏ အင်အားသည် ပြည်တွင်းမှာသာရှိသည်ကို မိမိတို့အားလုံး လက်ခံဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လက်ခံဆောင်ရွက်ပါက တိုင်းပြည်ငြိမ်းချမ်းဖွံ့ဖြိုးတိုးတက်မည်ဖြစ်ပါကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် (၁၀၁)နှစ်မြောက် အမျိုးသားနေ့အောင်ပွဲနေ့အထိမ်းအမှတ် အခမ်းအနားကိုပေးပို့ခဲ့သည့် သဝဏ်လွှာတွင်လည်း "တိုင်းရင်းသား ပြည်သူများအနေဖြင့် အမိနိုင်ငံတော်ကြီးကို အမှန်တကယ်ချစ်မြတ်နိုးပြီး အချင်းချင်း သံသယစိတ်ကင်းရှင်းစွာဖြင့် အပြန်အလှန်လေးစား ညီညွတ်လျက် အနာဂတ်နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိတ်ကောင်းစေတနာအပြည့်ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်" ဟု ထည့်သွင်းဖော်ပြထားပြီး ဖြစ်ပါကြောင်း။

မိမိတို့အစိုးရ၏ တိုင်းရင်းသားပြည်သူများ စည်းလုံးညီညွတ်ရေးအပေါ်ထားရှိသည့် အဓိကခံယူချက်ပင်ဖြစ်ကြောင်း၊ မိမိတို့အားလုံး၏ ရည်မှန်းချက်သည် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံဖြစ်ရမည်ဟု အားလုံးရည်မှန်းထားခြင်းဖြစ်ကြောင်း၊ အားလုံး၏ အခြေခံရည်ရွယ်ချက် ရည်မှန်းချက် တူညီပါကြောင်း၊ ထို့ကြောင့် တူညီခြင်းများကို ညှိနှိုင်းကာ အတူလက်တွဲလုပ်ပြီး မတူညီသည်ကို မည်သို့ဆက်လက်ညှိနှိုင်းဆောင်ရွက်မည်ဆိုသည့်အနေအထားမျိုး ညှိနှိုင်းဆွေးနွေးမှသာ လိုချင်သည့်ပန်းတိုင်ကို ရရှိမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် NCA စာချုပ်ရရှိရန်အတွက် တစ်နှစ်နှင့်ကိုးလခန့်ကြာမြင့်ခဲ့ပြီး စာချုပ်ချုပ်ရန်အတွက် ပထမဆုံး ၂၁ ဖွဲ့ဖြင့် ဆွေးနွေးခဲ့ပါကြောင်း၊ ၂၁ ဖွဲ့မှ ၁၆ ဖွဲ့၊ ၁၆ ဖွဲ့မှ အမှန်တကယ်လက်မှတ်ထိုးသည့် အခါ ၈ ဖွဲ့ လက်မှတ်ထိုးသည့်အဆင့်၊ ထိုမှတစ်ဆင့် ၁၀ ဖွဲ့ ဖြစ်လာခြင်း ဖြစ်ကြောင်း၊ NCA စာချုပ်ကို အကြောင်းပြုပြီး ညီလာခံအဆင့်ဆင့်ကို ကြိုးပမ်းလာခဲ့ရာ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းသုံးခုကို ရရှိခဲ့ပြီးဖြစ်ပါကြောင်း။

ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်းသုံးခုမှ ၂၀၂၀ အလွန် အဆင့်လိုက် လုပ်ငန်းစဉ်များနှင့် အဆင့်လိုက် အကောင်အထည်ဖော်မှုများကို ၆.၃.၂၀၂၂ ရက်နေ့တွင် ညှိနှိုင်းရေးအဖွဲ့နှင့် နိုင်ငံရေးပါတီအစုအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးခြင်းပြုလုပ်ရာ သဘောထားစုစည်းချက် ရစ်ချက်ရရှိခဲ့ပါကြောင်း၊ မိမိတို့အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ သက်ဆိုင်ရာအကျိုးဆောင်အဖွဲ့များ၊ နိုင်ငံရေးပါတီများနှင့် ဆွေးနွေးမှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် အကြောင်းတရားများ ညီညွတ်လျှင် အကျိုးတရားများ ဖြစ်ပေါ်လာသည်ဆိုသည့် လောကနိယာမအတိုင်း အစိုးရအနေဖြင့် အကြောင်းတရားများ ညီညွတ်အောင် ဖန်တီးပေးနေခြင်းဖြစ်ကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး ကောင်းသော အကျိုးများ ခံစားရစေရေးအတွက် ကောင်းသော အကြောင်းတရားများကို ဖန်တီးပြုလုပ်ပေးခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အားလုံးဝိုင်းဝန်းပြီး တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် သက်ဆိုင်သူအားလုံး ပါဝင်ကြိုးပမ်းသွားကြရန် အကြောင်းတရားများညီညွတ်အောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

**တစ်ဖက်သတ်စွပ်စွဲချက်များ**

ဆက်လက်၍ တတိယအချက်အနေဖြင့် အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီ၏ ဆောင်ရွက်ချက်များကို ပြောလိုပါကြောင်း၊ ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီ၏ ဆောင်ရွက်ချက်များကို ပြောရခြင်းသည် မကြာသေးမီကာလက မိမိတို့မြန်မာနိုင်ငံတွင် ကလေးသူငယ်များအား စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးရေးနှင့်ပတ်သက်ပြီး ဆောင်ရွက်ခဲ့ခြင်းများရှိကြောင်း၊ ဆောင်ရွက်ခဲ့သည်များကို လုပ်နေသည့် ကုလသမဂ္ဂအဖွဲ့အစည်းများအနေဖြင့် ဆက်လက်လုပ်ဆောင်ခြင်းမရှိဘဲ တစ်ဖက်သတ်စွပ်စွဲချက်များဖြင့် မိမိတို့နိုင်ငံကို စွပ်စွဲပြီး စာရင်းထည့်သွင်းခဲ့ခြင်းရှိကြောင်း၊ ထိုကိစ္စများကို သိရှိအောင်ပြောခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံစောင့်ကြည့်လေ့လာရေးနှင့် အစီရင်ခံတင်ပြရေးလုပ်ငန်းအဖွဲ့ (Country Task Force on Monitoring and Reporting–CTFMR) တို့အကြား "အရွယ်မရောက်သေးသည့် ကလေးသူငယ်များ စစ်မှုထမ်းဆောင်ခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး လုပ်ငန်းစီမံချက်"ကို ၂၇.၆.၂၀၁၂ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး Plan of Action သက်တမ်းကာလ ၁၈ လ ဖြစ်ပါကြောင်း။

၂၇.၁၂.၂၀၁၃ ရက်နေ့တွင် plan of Action သက်တမ်းကာလ ၁၈ လ ပြည့်မြောက်ခဲ့သော်လည်း လုပ်ငန်းကိစ္စများ မပြီးပြတ်သဖြင့် ခြောက်လနှစ်ကြိမ် သက်တမ်းတိုးမြှင့်ခဲ့ပြီး ဒုတိယအကြိမ်သက်တမ်း ခြောက်လကုန်ဆုံးသည့် ၂၇.၁၂.၂၀၁၄ ရက်နောက်ပိုင်းမှစ၍ Plan of Action အား ထပ်မံသက်တမ်းတိုးမြှင့်ခြင်းမရှိဘဲ Indicator ၂၁ ချက်ဖြင့် ဆက်လက်ဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၆.၇.၂၀၁၈ ရက်နေ့တွင် CTFMR နှင့် မြန်မာအစိုးရကိုယ်စားလှယ်အဖွဲ့တို့ပြုလုပ်သည့် အစည်းအဝေးဆုံးဖြတ်ချက်အရ Indicator ၂၁ ချက်မှ Indicator ၁၁ ချက်အထိ လျှော့ချကာ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

တပ်မတော်အနေဖြင့် ကော်မတီ စတင်ဖွဲ့စည်းခဲ့သည့် ၂၀၀၄ ခုနှစ်မှစ၍ CTFMR နှင့် Plan of Action စာချုပ်ကို လက်မှတ်မရေးထိုးမီ ၂၆.၆.၂၀၁၂ ရက်နေ့အထိ အရွယ်မရောက်သေးသူ ကလေးသူငယ် ၅၉၇ ဦးကို တပ်မတော်မှ နုတ်ထွက်ခွင့်ပေးခဲ့ပါကြောင်း၊ လုပ်ငန်းစတင်ခဲ့သည့် ၂၀၁၂ ခုနှစ် ဇွန်လမှ ယနေ့အချိန်အထိ CTFMR နှင့် ပူးပေါင်းပြီး တပ်မတော်မှ အရွယ်မရောက်မီ မှားယွင်းစုဆောင်းခဲ့သည့် အသက်မပြည့် စစ်သည် ၁၀၂၉ ဦးကို တပ်မတော်မှ နုတ်ထွက်ခွင့်ပြုခဲ့ပြီး မိဘရပ်ထံ ပြန်လည်လွှဲပြောင်းပေးနိုင်ခဲ့ပါကြောင်း။

ဆက်လက်၍ မှားယွင်းစုဆောင်းခြင်းခံခဲ့ရသည်ဟု စိစစ်တွေ့ရှိရသည့် အသက်မပြည့် စစ်သည် ၂၈ ဦးကို မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပြီး တပ်မတော်နှင့် CTFMR တို့၏ ပူးပေါင်းဆောင်ရွက်မှုကြောင့် ၁၅.၆.၂၀၂၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ၂၀၁၉ ခုနှစ်အတွက် ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ နှစ်စဉ်အစီရင်ခံစာ၏ နောက်ဆက်တွဲပါ ကလေးစစ်သည်စုဆောင်းမှုနှင့် အသုံးပြုမှုစာရင်းမှ မြန်မာ့တပ်မတော်ကို ပယ်ဖျက်ခဲ့ပြီး အပြီးသတ်ပယ်ဖျက်နိုင်ရေး စောင့်ကြည့်ကာလ တစ်နှစ်သတ်မှတ်ပေးခဲ့ပါကြောင်း၊ စောင့်ကြည့်ကာလအတွင်း တပ်မတော်အနေဖြင့် တပ်သားသစ်စုဆောင်းရေးကဏ္ဍ၌ ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများအတိုင်း တိကျစွာ လိုက်နာဆောင်ရွက်လျက်ရှိပြီး ပူးပေါင်းဆောင်ရွက်ခဲ့ပါကြောင်း၊ သို့သော် ၂၁.၆.၂၀၂၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ နှစ်စဉ်အစီရင်ခံစာ မထုတ်ပြန်မီ ကြိုတင်ညှိနှိုင်းခြင်းမရှိဘဲ တစ်ဖက်သတ် ပြန်လည်စာရင်းသွင်းခဲ့ကြောင်း၊ မိမိတို့အနေဖြင့် မည်သို့စွပ်စွဲသည်ဖြစ်စေ၊ ညှိနှိုင်းမှုမရှိဘဲ ပြန်လည်စာရင်းသွင်းသည်ဖြစ်စေ၊ တပ်မတော်အနေဖြင့် ကော်မတီ၏ ပုံမှန်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မတီ၏လုပ်ဆောင်ချက်များကို နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် CTFMR သို့ အသိပေးဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆင့်တူ ပူးပေါင်းဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံဘက်မှ လမ်းကြောင်းမျိုးစုံဖြင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ ကလေးသူငယ်များနှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ်ထံသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် အကြောင်းကြားထားရှိပြီး မြန်မာ့တပ်မတော်အနေဖြင့် မည်သို့ပင်ဆိုစေ မိမိတို့၏ကတိကဝတ်များအတိုင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားသည်။

**လတ်တလောပျံ့နှံ့နေသည့် ငွေတုကိစ္စ**

ဆက်လက်၍ နံပါတ်လေး အချက်အနေဖြင့် လတ်တလောပျံ့နှံ့နေသည့် ငွေတုကိစ္စအကြောင်း ပြောလိုပါကြောင်း၊ ပြည်သူလူထုအနေဖြင့် ကောလာဟလအပေါ် စိုးရိမ်ပူပန်မှုများမဖြစ်ရန် အသိပေးလိုပါကြောင်း၊ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ငွေစက္ကူအတုရောင်းဝယ်ရေး Facebook Page များဖွင့်ပြီး ကြော်ငြာရောင်းချနေခြင်းကို တွေ့ရပါကြောင်း၊ ငွေစက္ကူအစစ်များကို ဓာတ်ပုံရိုက်ပြီး Page တွင် လိမ်လည်ဖော်ပြထားခြင်းနှင့် ပုံအဟောင်းများကူးယူပြီး ဖော်ပြထားခြင်းတွေ့ရပါကြောင်း၊ အင်တာနက်စာမျက်နှာများပေါ်တွင် ငွေစက္ကူအတုများ ရောင်းချခြင်းဆိုသည့် အရောင်းအဝယ်ပြုလုပ်ခြင်းမဟုတ်ဘဲ Online တွင် ယုံကြည်အောင် ပြောဆိုပြီး ကြိုတင်လွှဲပို့သည့်ငွေများအား လိမ်လည်ရယူခဲ့ခြင်းကို တွေ့ရကြောင်း၊ ငွေ ၃၀၀၀၀၀/– (သုံးသောင်းကျပ်) စရန်ငွေတောင်းခံပြီး ငွေရရှိပါက ထပ်မံဆက်သွယ်မရဘဲ ဖုန်းပိတ်ထားခြင်း၊ အကောင့်ဖျက်ပြီး ပြေးခြင်းမျိုးလုပ်ဆောင်သည်ကို တွေ့ရကြောင်း၊ ငွေစက္ကူအတုကို မည်သည့်နေရာတွင် ချထားမည်သွားယူပါဆိုသည့်ပုံစံဖြင့် ငွေကြိုလွှဲခိုင်းပြီး ပိတ်သွားခြင်း၊ လိမ်သွားကြခြင်းကို စုံစမ်းသိရှိရပါကြောင်း၊ မိမိပြောလိုသည်မှာ ယခင်ငွေစက္ကူနှင့်ပတ်သက်ပြီး ကောလာဟလများထွက်သည့် အချိန်တွင် ပြောပြီးဖြစ်ကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ " ပုဒ်မ ၃၆(င)အရ နိုင်ငံတော်သည် တရားဝင်ထုတ်ဝေထားသောငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြု" ဟု ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း။

ထို့ကြောင့် ပြည်သူလူထုအနေဖြင့် စိုးရိမ်ပူပန်မှုမရှိဘဲ ယုံကြည်စွာ သုံးစွဲနိုင်သည်ကို အသိပေးပြောကြားလိုကြောင်း၊ ဗဟိုဘဏ်၏ မှတ်တမ်းများအရ ငွေအတု ဖမ်းဆီးရမိမှုအနေဖြင့် ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ၁၉ ကြိမ်၊ ၂၀၂၀–၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ခြောက်ကြိမ်နှင့် ၂၀၂၁–၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ၂၅ ကြိမ် ဖြစ်ပေါ်ခဲ့ပါကြောင်း၊ ၂၀၂၁–၂၀၂၂ ဘဏ္ဍာရေးနှစ်တွင် ငွေစက္ကူအတု ဖမ်းဆီးရမိမှု ပိုများပါကြောင်း၊ Online တွင် ငွေစက္ကူအတုနှင့် လိမ်လည်မှုနှင့်ပတ်သက်ပြီး ၂၀၂၂ ခုနှစ် မတ်လအတွင်း Online လိမ်လည်မှု ခုနစ်မှုအား ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး အကြမ်းဖက်တိုက်ခိုက်သတ်ဖြတ်မှုများနှင့်ပတ်သက်သည့် Video File အချို့ကို ဖွင့်ပြလိုပါကြောင်း၊ NUG ၊ CRPH စသည့် အကြမ်းဖက်အဖွဲ့အစည်းများ ၎င်းတို့၏ လက်အောက်ခံ PDF အမည်ခံအဖွဲ့များ၏ လုပ်ရပ်များစွာထဲက အချိန်ကာလကိုင့်ကွက်ပြီး File အချို့ကို ဖွင့်ပြခြင်းဖြစ်ကြောင်း၊ မိမိတို့ထံ အခုလို Video File ပေးပို့သည့်အပြင် ဆက်သွယ်ရေးနည်းလမ်းမျိုးစုံမှတစ်ဆင့် နောက်ဆုံးလူကိုယ်တိုင်လာပေးသည့်အဆင့်အထိ Video File များစွာရှိကြောင်း၊ ထိုအထဲမှ ၎င်းတို့၏ လုံခြုံရေး၊ ရပ်ရွာလုံခြုံရေးအတွက် သက်သေအထောက်အထားအဖြစ်ထားရှိရန် ပြောခဲ့သည်များရှိကြောင်း၊ အချို့ Video file များသည် ကာယကံရှင်ကိုယ်တိုင် ၎င်းတို့ရွာတွင် ဖြစ်ပျက်နေသည်များ၊ ပြည်ပမီဒီယာများ၊ မီဒီယာများ မည်သို့လုပ်ကြံ သတင်းဖန်တီးထားသည်ကို သိရှိနိုင်ရန် ပေးပို့ထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်ဖွင့်ပြခြင်းဖြစ်ကြောင်း၊ ပထမဦးဆုံး စစ်ကိုင်းတိုင်းဒေသကြီး အင်းမထီးကျေးရွာ ဒုတိယအကြိမ် မီးရှို့ခံရသည့်ဖြစ်စဉ်ဖြစ်ကြောင်း၊ မည်သည့်အဖွဲ့က မည်သို့ဆောင်ရွက်ခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ အင်းမထီးကျေးရွာတွင် ယခင် ၉/၁၀ လပိုင်းကတည်းကပင် အခွန်ကောက်ခြင်း၊ PDF နှင့်ပတ်သက်ပြီး ပေးရခြင်းများကို ပြောထားခြင်းဖြစ်ကြောင်း ပြောကြား၍ အင်းမထီးရွာဖြစ်စဉ်နှင့်ပတ်သက်ပြီး ရွာသားများ၏ ပြောကြားချက်အချို့ပါဝင်သည့် Video File ကို ပြသသည်။

(ဆက်လက်ဖော်ပြပါမည်)

> **လတ်တလောပျံ့နှံ့နေသည့် ငွေတုကိစ္စအကြောင်း ပြောလိုပါကြောင်း၊ ပြည်သူလူထုအနေဖြင့် ကောလာဟလအပေါ် စိုးရိမ်ပူပန်မှုများမဖြစ်ရန် အသိပေးလိုပါကြောင်း၊ လူမှုကွန်ရက်စာမျက်နှာပေါ်တွင် ငွေစက္ကူအတုရောင်းဝယ်ရေး Facebook Page များဖွင့်ပြီး ကြော်ငြာရောင်းချနေခြင်းကို တွေ့ရပါကြောင်း၊ ငွေစက္ကူအစစ်များကို ဓာတ်ပုံရိုက်ပြီး Page တွင် လိမ်လည်ဖော်ပြထားခြင်းနှင့် ပုံအဟောင်းများကူးယူပြီး ဖော်ပြထားခြင်းတွေ့ရပါကြောင်း၊ အင်တာနက်စာမျက်နှာများပေါ်တွင် ငွေစက္ကူအတုများ ရောင်းချခြင်းဆိုသည့် အရောင်းအဝယ်ပြုလုပ်ခြင်းမဟုတ်ဘဲ Online တွင် ယုံကြည်အောင်ပြောဆိုပြီး ကြိုတင်လွှဲပို့သည့်ငွေများအား လိမ်လည်ရယူခဲ့ခြင်းကို တွေ့ရကြောင်း၊ မိမိပြောလိုသည်မှာ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ " ပုဒ်မ ၃၆ (င)အရ နိုင်ငံတော်သည် တရားဝင်ထုတ်ဝေထားသောငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြု" ဟု ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း။ ထို့ကြောင့် ပြည်သူလူထုအနေဖြင့် စိုးရိမ်ပူပန်မှုမရှိဘဲ ယုံကြည်စွာသုံးစွဲနိုင်သည်ကို အသိပေးပြောကြားလို**

ဝတ္ထုတို

## ကျော်စိုးလင်း(အ.လ.တ)




(၁)

"ကိုလှမောင်... ရေချိုးမှာဆိုလည်း မြန်မြန်ချိုး..ဒီမှာ တော့သားသမီးတွေက ဗိုက်ဆာနေကြပြီ...ကျောင်းသွားရမှာနဲ့ ဘာနဲ့"

အမေ ထမင်းဟင်းတွေကို ခူးခပ်နေရင်းက အဖေ့ကို လှမ်းအော်ပြောလိုက်တယ်။ ကျွန်မတို့မောင်နှမနှစ်ယောက် ထမင်းချိုင့်ရယ် အဖေနဲ့မမကြီး ယာထဲ အလုပ်သွားဖို့ ထမင်းက ထုပ်ပေးရနဲ့။

ဟင်းလောက်ငဖို့အရေး လူစုံအောင် အမွှေခမျှ ဗျို့ထိုးရသေးတယ်လေ။ တစ်ခါတလေ အဲဒီလိုဟင်းမလောက်ငတဲ့နေ့မျိုးဆို အမေကတစ်ယောက်တည်း နောက်မှစားလေ့ရှိတယ်။ ကျွန်မတို့စားလို့ပြီးမှ ကျန်တဲ့ဟင်းအကပ်လေးတွေနဲ့ အမေထမင်းတစ်နပ်ကို ဖြစ်သလိုစားခဲ့ရတယ်။

"အမေက...စောစောကတော့ တစ်ခါတည်း ဝင်မစားဘူး..။ အမေ့အတွက် ဟင်းရောကျန်သေးလို့လား"

"ကျန်ပ့ါ ကျန်ပ့ါ..အမေက ဟင်းအကပ်လေး နည်းနည်းပါးပါးလောက်ရှိရင်ရပြီ။ သမီးတို့ ထမင်းချိုင့်အတွက်ကသာ အဓိကပါ။ ကျောင်းရောက်လို့ သူငယ်ချင်းတွေနဲ့ ဝိုင်းဖွဲ့ပြီးစားတော့လည်း မျက်နှာမငယ်ရတာပေ့ါအေ...။ အမေတို့က အိမ်မှာဖြစ်သလို စားလည်း ဘယ်သူမြင်တာမှတ်လို့" တဲ့။

အသားဟင်းလေးဘာလေး တစ်ခါတလေပေါ်လို့ ချက်ကျွေးတဲ့နေ့များဆို နေ့ဖို့ညစာတုံးတစ် ရေတွက်ပြီးတော့မှ ကိုက်အောင် စီမံချက်ပြုတ်ရရှာတယ်။ ဒါတောင်မမျှော်လင့်ဘဲ ဧည့်သည်တစ်ယောက်တလေအိမ်ကိုရောက်လာရင်လေ အမေပဲ အူအခြောက်ခံရစမြဲ။

အဲဒီတုန်းကဆိုရင် ကြက်ဥကအစ ဝယ်စားဖို့ကို တကယ်မလွယ်တာ။ တစ်ခါတလေ အတော်လေးစားချင်ကြောင်း ကျွန်မပူဆာရင်တော့အမေက မနေသာပါဘူး။ သူကိုယ်တိုင် နွားတင်းကုပ်ပေါ်ကိုတက်ပြီး ကြက်မဝတ်ကျင်းထဲက ကြက်ဥတစ်လုံး နှိုက်ယူလေ့ရှိတယ်။ ပြီးမှ အိမ်ရှိလူကုန်စားဖို့အရေး ကြက်သွန်နီလေးငါးလုံးလောက်နဲ့ လှီးပြီးရောကြော်ကျွေးတဲ့ အမေ့လက်ရာ အခုထိမေ့လို့မရဘူး။

အခုကျွန်မ ကလေးတွေနဲ့တော့ကွာပ့ါ။ ကြက်ဥကြော်လို့ ကြက်သွန်နီပါရင် သိပ်ပြီးမစားချင်ကြတော့ဘူး။ ကြက်ဥပြုတ်ပြီး ဟင်းချက်ကျွေးပြန်တော့ အနှစ်မစားချင်တဲ့သူနဲ့ အကာမကြိုက်တာနဲ့ ဈေးများကြသေးတာ။

တစ်ခါတစ်ရံအမေက အမဲရိုးနှစ်ဆယ့်ငါးကျပ်သားလောက် ဝယ်ထားရင်လေ နှစ်ရက်သုံးရက်လောက်အထိကတော့ သွားရောပဲ။ တဘက်လေးပခုံးပေါ်တင်လို့ အိတ်ထောင်လုပ်ပြီး အိမ်ရဲ့အနောက်နားက မန်ကျည်းပင်ထိပ်ဖျားအထိတက်တယ်။ အမဲရိုးနဲ့ မန်ကျည်းရွက်နုနုလေးတွေကိုခူးရောပြီး အရည်သောက်ချက်ကျွေးတော့တာ။

အရိုးမှာကပ်နေတဲ့အသားနဲ့ ရိုးတွင်းချဉ်ဆီလေးတွေ မကုန်သေးသ၍ မပစ်ရက်ဘူး။ ရေလေးထပ်ဖြည့်လိုက် မန်ကျည်းရွက်လေးခူးထည့်ပြီး ပြင်ချက်လိုက်နဲ့ အဲဒီလိုပြန်ချက်ကျွေးခဲ့တဲ့အမေ။

တစ်ခါတလေ အိမ်မှာကြက်သားဟင်းချက်တဲ့နေ့ဆို အမေက အမြဲတမ်း အရိုးကိုက်လေ့ရှိတယ်။ ကျွန်မတို့မကြိုက်တဲ့ ခြေထောက်တို့၊ ခေါင်းတို့စသဖြင့်ပေ့ါ။ အမေကအရိုးကြိုက်တယ်ဆိုပဲ။

ကျွန်မနဲ့ မောင်လေး စားပြီးလို့ပစ်ထားတဲ့ အရိုးတွေကိုတောင် မပြောင်လို့ဆိုပြီးကောက်ဝါးနေပြန်တော့ နားမလည်သေးတဲ့ကျွန်မတို့က အမေ့ကိုကြည့်ပြီး ပြုံးရယ်မိကြသေးရဲ့။

"သမီးကလည်း ကြည့်ပါဦးအသားတွေကိုပြောင်အောင်မှမစားတာ...နှမြောစရာကြီး" တဲ့။

(၂)

အခုလည်း တစ်ဦးစောင့် တစ်ယောက်စောင့်နဲ့ ကျွန်မကိုယ်တိုင်ချက်ပြုတ်ပြင်ဆင်ထားတဲ့ ထမင်းဝိုင်းလေးက အဆင်သင့်ဖြစ်ဖို့ ချဉ်ဟင်းလေးတစ်မျိုးသာလိုတော့တယ်။

အခုတော့ ကျွန်မကိုယ်တိုင် အမေ့နေရာကိုရောက်နေခဲ့ပြီ မဟုတ်ပါလား။

"မောင်ရေ...ရေချိုးလို့ပြီးရင် ထမင်းစားလို့ရပြီနော်။ ပြီးရင်သားနဲ့သမီးပါ တစ်ခါတည်းခေါ်လာခဲ့လိုက်တော့ "

သိပ်မကြာခင် မောင်တစ်ယောက် ရေချိုး၊ အဝတ်စားလဲပြီးလို့ ထမင်းစားဝိုင်းကိုတောင် ရောက်လာခဲ့ပြီ။ သားနဲ့သမီးက အခုထိမလာသေး။

"ကဲဗျာ...လာပြီမိန်းမရေ...လာပြီဟ။ မင်းချက်ထားတဲ့ ကြက်သားဟင်းလေးက မဆလာနံ့လေးကို သင်းနေတာပဲကွာ။ ဒီလိုဟင်းချက်ကောင်းတဲ့ မိန်းမကိုရထားတာ မောင်တော့ ကံကောင်းတာပဲဟေ့"

"အင်းပါ...မောင်ကလည်း သားနဲ့သမီးပါတစ်ခါတည်းခေါ်ခဲ့ပါဆို...သွားခေါ်လိုက်ဦးနော် သွားသွား..."

မောင့်ရဲ့အသိမှတ်ပြုမှု၊ ချီးမွမ်းမှုတွေက ကျွန်မရဲ့ရင်ထဲကို အေးမြကြည်နူးမှုတွေဖြစ်စေပါတယ်။ နောက်တစ်နေ့ချက်မယ့်ဟင်းလျာတွေပါ ကျွန်မအတွေးထဲ အစီအရီပေါ်လွင်စေတာလည်း အမှန်ပါပဲ။

တစ်နေ့တစ်နေ့ မီးဖိုချောင်ဝင်ရတဲ့ ကိစ္စကလည်း ထင်သလောက်တော့ မလွယ်လှပါဘူး။ သူ့အကြိုက်၊ ကိုယ့်အကြိုက်၊ ကလေးတွေအကြိုက်ကိုလည်း ထည့်တွက်ရသေးတယ်မဟုတ်လား။

ဈေးဖိုးမလောက်ငတဲ့ တချို့အိမ်ရှင်မတွေဆို ပိုလို့တောင်စဉ်းစားရ အကျပ်ရိုက်မယ်ထင်ပါရဲ့။

(၃)

တစ်ခါကြီးကအဖေတောထဲကအပြန် ခါးပုံစထဲမှာ ဂုဏ်ရွက်တွေခူးလာပြီး အမေ့ကို ဂုဏ်ရွက်ဟင်းချိုအချက်ခိုင်းတယ်။ အဲဒီနေ့က အမေချက်ကျွေးတဲ့ ဂုဏ်ရွက်ဟင်းချိုနဲ့ ခေါင်းမဖော်တမ်းတဖူးဖူးမှုတ်ပြီးစားရင်း အဖေပြောပြတဲ့ ပုံပြင်လေးတစ်ပုဒ်ကို သတိရမိပါရဲ့။

"အမေချက်တဲ့ ဂုဏ်ရွက်ဟင်းချိုက စားလို့ကောင်းလိုက်တာ အမေရယ်"လို့ ကျွန်မကပြောတော့..

"ညည်းတို့အဖေကြီး ပြောနေကျ စကားတစ်ခုရှိတယ်။ ခါးပုံမှာဟင်း ပခုံးမှထင်းဆိုတာလေ...။ သူကသူ့သားသမီးတွေကို စားစေချင်တဲ့ စေတနာနဲ့ ခူးလာတော့ အမေကလည်း မေတ္တာတွေ အပြည့်ထည့်ပြီးချက်ထားတဲ့ လက်ရာမို့ ခံတွင်းတွေ့သွားကြတာ နေမှာပေ့ါအေ ဟုတ်ဘူးလား" တဲ့။ ပြုံးချိုတဲ့မျက်နှာထားကြီးနဲ့ အမေကပြောတော့မှ..

"အဖေကြားဖူးတဲ့ ပုံပြင်လေးတစ်ပုဒ်ကို အမှတ်ရလို့ ပြောပြဦးမယ်။ တစ်ခါက အဘိုးကြီးတစ်ယောက် တောထဲကနေ နွားလှည်းနဲ့အပြန် လမ်းမှာအရွက်နုနုလေးတွေဝေနေတဲ့ ဂုဏ်နွယ်ပင်တစ်ပင်ကို တွေ့တယ်တဲ့။ ဒါနဲ့ အဘိုးကြီးက ခူးလည်းခူးချင် အလုပ်ကလဲပန်းလာခဲ့တော့ လှည်းဦးကခေါ်းမကိုဆွဲပြီး ဂုဏ်နွယ်ပင်ကို အရင်းကနေ ခုတ်လိုက်သတဲ့လေ။ ပြီးတော့မှ လှည်းပေါ်ကိုပစ်တင် အိမ်ကိုမောင်းနှင်ခဲ့တယ်။

အိမ်ရောက်တော့မှ အဘွားကြီးသူ့ဘာသာသူ ခူးပြီးချက်လိမ့်မယ်ဆိုတဲ့ အတွေးနဲ့ပေ့ါ။

အိမ်ရောက်တော့ အဘွားကြီးကို လှည်းပေါ်က ဂုဏ်နွယ်ကြီးပေးချက်ခိုင်းလိုက်တယ်။

အဘိုးကြီးလည်း အလုပ်ကပန်းလာတာမို့ နွားလှည်းကိုဖြုတ်ပြီး ပက်လက်ကုလားထိုင်မှာ ခဏအနားယူနေတယ်။

အဘွားကြီးလည်း တကုပ်ကုပ်နဲ့ မီးဖိုချောင်မှာ အလုပ်ရှုပ်နေလေရဲ့။

သိပ်မကြာခင် အဘိုးကြီးရေချိုးပြီးလို့ ထမင်းစားပွဲဆီကို ရောက်လာခဲ့တော့တယ်။ စားပွဲပေါ်မှာ အိုးလိုက်တင်ထားတဲ့ ဂုဏ်ရွက်ဟင်းချိုအိုးက အငွေ့တထောင်းထောင်းထလို့နေပါတယ်။

ဒီတော့ အဘိုးကြီးက အားပါးတရ ခပ်ပြီးစားမယ်ကြံမှ မသင်ဘဲချက်ထားတဲ့ ဂုဏ်နွယ်အခွေလိုက်ကြီးကို တွေ့သွားတော့တာပေ့ါ။ ရုတ်တရက်ဆိုသလို အဘိုးကြီးက အမျက်ဒေါသထွက်ပြီး အဘွားကြီးကိုမေးတယ်။

မင်းဒါဘာလုပ်တာလဲ။ ငါကမခူးအားလို့ နွယ်လိုက်ခုတ်ယူလာပြီး ပေးချက်ခိုင်းတာကို မကျေနပ်လို့ ငါ့ကိုသက်သက်အရွဲ့တိုက်တာပေ့ါလေဟုတ်လား...မဟုတ်ပါဘူးတော် ကျုပ်ကလည်းအိမ်မှာ ဒီနေ့အလုပ်များတာကြောင့် ဂုဏ်ရွက်တွေမခူးအားတာနဲ့ စားကာမှပဲ ကိုယ့်ဘာသာခူးရင်းစားကြတာပေ့ါဆိုပြီး နွယ်လိုက်ချက်ထားရတာပါဆိုပြီး ပြောတာပေ့ါ။ ဒီလိုနဲ့ အဘိုးနဲ့အဘွားနှစ်ယောက်သား ထမင်းစားရင်းက နပန်းဖက်လုံးကြပါလေရောတဲ့ကွာ...ဟား...ဟား..."

ပုံပြင်လေးဆုံးတော့ တဝါးဝါးနဲ့ရယ်လိုက်ကြတာ ထမင်းသီးခမန်းပဲ။

"အခုလည်းအဖေက ဂုဏ်ရွက်လေးတွေချည်းပဲ ရွေးခူးလာလို့တော်သေးတယ်။ မဟုတ်ရင်တော့... မလွယ်ဘူးနော်..."

မမကြီးကအဲဒီလိုစလိုက်တယ်ဆိုရင်ပဲ...

"အဖေတောင် အနွယ်လိုက်ခုတ်လာခဲ့ရင်ကောင်းမလားဆိုပြီးတွေးမိလိုက်သေးတယ်။ ဒါပေမဲ့အဖေက ညည်းတို့အမေနဲ့မှ မခွဲနိုင်ဘဲ...ဟဲ...ဟဲ..."

အဲဒီလိုကျတော့လည်း အမေ့မျက်နှာကြီးကပြုံးစစနဲ့။ အဖေ့ဆီကိုလှပတဲ့ မျက်စောင်းလေးတစ်ချက် ထိုးလိုက်လို့။

ဒီပုံပြင်လေးထဲက အဘိုးနဲ့အဘွားဟာ တစ်ယောက်နဲ့တစ်ယောက် နားလည်မှုတွေလွဲပြီး နောက်ဆုံးကွဲကွာသွားကြတယ်ဆိုပဲ။

အခုလည်း မောင်နဲ့ကျွန်မ အပေးအယူတွေမျှပြီး နားလည်မှုတွေရတော့လည်း တမျိုးလေးစိတ်ချမ်းသာရတာပေ့ါလေ။ မဟုတ်ဘူးလား။

(၄)

ဘာလိုလိုနဲ့အဖေနဲ့အမေ မရှိကြတော့တဲ့နောက် ရွာကိုတောင်မရောက်ဖြစ်တာကြာခဲ့ပြီ။ ရေကြည်ရာမြက်နုရာကို ရှာဖွေရင်း မြို့မှာပဲ အခြေချဖြစ်ခဲ့တယ်။ အဖေနဲ့အမေရှိစဉ် ရွာမှာတုန်းကတော့ အိမ်မှာ ကြက်သားဟင်းလေးများချက်ရင်လေ ဦးဦးဖျားဖျားမိဘတွေအတွက် ကြက်သည်း၊ ကြက်မြစ်လေးတွေ ခူးခပ်ပြီးသွားပေးရတဲ့ပီတိက ကြက်သားဟင်းစားရတဲ့ အရသာထက်ပိုပါတယ်။

အဖေနဲ့အမေက ချို့ချို့တဲ့တဲ့ နေသွားခဲ့ရပေမဲ့ ကြီးကြီးမားမားပြဿနာတက်တာမျိုးတော့ မရှိသလောက် ရှားပါတယ်။ ကျွန်မအတွက်တော့ အဖေနဲ့အမေဟာ စံပြပုဂ္ဂိုလ်တွေပါ။

ကျွန်မ အဆင်ပြေတဲ့တစ်နေ့မှာ အဖေနဲ့အမေကို အိမ်မှာခေါ်ထားမယ်။ စားချင်တာတွေကို ကျွန်မကိုယ်တိုင် ဖွယ်ဖွယ်ရာရာနဲ့ ချက်ပြုတ်ကျွေးမယ်ဆိုပြီးစိတ်ကူးထားခဲ့တာ။

အဲဒီလိုနဲ့ပဲ တဖြည်းဖြည်း မိဘ၊ မောင်နှမတွေနဲ့ ဝေးတဲ့မြို့ပေါ်ကို ရောက်ခဲ့တယ်။ တစ်နှစ်တစ်ခေါက်တော့ရွာက အမေ့အိမ်ကိုရောက်ဖြစ်ခဲ့ပါရဲ့။ အဲဒီအခါကျရင် အမေမစားဖူးတဲ့ မုန့်ပဲသွားရည်စာတွေကို ကျွန်မဝယ်သွားလေ့ရှိတယ်။ နှမြောတတ်တဲ့ အမေကနည်းနည်းပါးပါး စားကြည့်ပြီးရင်...

"ညည်းတို့ဝယ်လာတဲ့ မြို့ကမုန့်တွေ ငါတို့ကတော့မကြိုက်ပါဘူးအေ ပေ့ါ ရွှတ်ရွှတ်တွေနဲ့။ ပြီးရင် ဈေးကြီးပေးရတာကများတယ်မဟုတ်လား။ နောက်ဆိုဝယ်လာမနေနဲ့" လို့ပြောတတ်သေးတယ်။

နောက်တော့လည်း အဖေနဲ့အမေက တစ်လှည့် ကျွန်မတို့ကို ရှေ့ဆင့်နောက်ဆင့်ဆိုသလို အပြီးပိုင်ထားသွားခဲ့ကြပြန်တယ်။

မျှော်လင့်ထားသမျှတွေ ဖြစ်မလာတော့လည်း ဘာတတ်နိုင်မှာလဲ။ အခုလို ဗမာကြက်သားဟင်းလေး ချက်တဲ့နေ့တွေဆို အရိုးကြိုက်တဲ့အမေ့ကို ပိုလို့လွမ်းမိတာတော့အမှန်ပဲ။

**အခန်း (၅)**

သားနဲ့သမီးကို ထမင်းစားရန်သွားခေါ်နေတဲ့မောင်ကပါ အခုထိအခန်းထဲက ပြန်ထွက်မလာသေးဘူး။ ကျွန်မလည်း အတွေးလွန်နေလိုက်တာ...

"သားနဲ့သမီး ဒီမှာထမင်းစားကြအောင်လို့ အဆင်သင့်ဖြစ်နေပြီ လာကြတော့လေ"

ဘာတွေများ လုပ်နေကြပါလိမ့်။ လှမ်းအော်ပြောလိုက်တဲ့ ကျွန်မအသံကို ကြားတော့မှ...

"လာပြီ...လာပြီ ဒီမှာသားနဲ့သမီးက အိမ်စာတွေ လုပ်နေကြတာ မပြီးတတ်သေးလို့တဲ့ဟေ့"

"ပြီးတော့မှဆက်လုပ်လေ သမီးရယ်... အစားကို အချိန်မှန်မှန်စားမှပေ့ါ။ လာခဲ့ကြတော့ ဒီမှာထမင်းဟင်းတွေပူတုန်းစားကြရအောင်လို့"

ဒီလိုဆိုတော့လည်း အခန်းထဲမှာ အိမ်စာကိုယ်စီလုပ်နေကြတဲ့ သားအဖသုံးယောက်သား ထမင်းဝိုင်းကိုရောက်လာခဲ့ကြပြီမဟုတ်လား။

စောစောကကျတော့လည်း ခေါ်လိုက်ရတာ ဗိုက်မဆာသေးတဲ့ပုံမျိုးနဲ့။ အခုကျတော့လည်းကြည့်ပါဦး မောင်တို့သားအဖတွေအားပါးတရနဲ့ စားနေလိုက်ကြတာ။ သူတို့ကိုကြည့်ပြီး ကျွန်မအလိုလိုဗိုက်ပြည့်နေသလား မှတ်ထင်ရတယ်။ ထမင်းလိုရင် ထမင်း၊ ဟင်းလိုရင်ဟင်း လိုက်ဖြည့်ပေးရင်း ကျွန်မလည်းဖြည်းဖြည်းနဲ့မှန်မှန်စားလို့ပေ့ါ။

"ဒေါက်"ခနဲ အသားစတွေကပ်နေတဲ့ အရိုးတစ်ခုက အမှတ်တမဲ့ကျွန်မရှေ့တည့်တည့်ကို ကျရောက်လို့လာတယ်။

အရိုးကြားမှာကပ်နေတဲ့ အသားစတွေကို မြင်လိုက်ကတည်းက ကျွန်မအတွေးထဲကို တစ်ကျော့ပြန်ဝင်လာခဲ့တဲ့ အမေ့ရဲ့ ပုံရိပ်တချို့က ပူးကပ်လို့နေသလား ထင်မှတ်ရတယ်။

ရုတ်တရက် ကျွန်မရဲ့ညာလက်နဲ့အရိုးတစ်ခုကိုကောက်ပြီး ကိုက်ဝါးပစ်လိုက်တယ်ဆိုရင်ပဲ...

"ဟာ..မေမေကလည်း သမီးစားပြီးလို့ ပစ်လိုက်တဲ့အရိုးကြီးကို ဘာဖြစ်လို့ ကောက်ဝါးနေတာလဲ"

သားနဲ့သမီးရဲ့ အကြည့်တွေက ထူးဆန်းအံ့သြနေသလိုလို။

"သမီးစားတာက အသားတွေမှ မပြောင်တာ နှမြောစရာကြီးမို့"ပန်းကန်ထဲမှာလည်း ထည့်စားစရာ ဟင်းတွေအများကြီး ရှိနေပါရဲ့နဲ့ ဘာဖြစ်လို့များဆိုတဲ့ မောင့်ရဲ့အကြည့်တွေကပါ ကျွန်မကို မေးခွန်းတွေ ထုတ်နေသလိုမျိုး။

ခဏနေတော့မှ စကားသံလေးခပ်တိုးတိုးနဲ့ မောင့်ကိုပြောပြလိုက်မိတယ်။

"အမေ့ကိုသတိရလို့ပါ..."

အဲဒီလိုပြောအပြီး မျက်တောင်နှစ်ခုကြားကတွဲခိုဥနေတဲ့ မျက်ရည်တချို့ကို ကျွန်မအသာလေး ပုတ်ထုတ်ချလိုက်ရင်း...

## တပ်မတော် ဉာဏ်ရည်သွေးရယ်နဲ့

* မြေတစ်မှုန် သဲတစ်ပွင့်
အသက်နှင့် ရင်းကာကွယ်
ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုး
မြတ်နိုးခင်တွယ်။
ပြည်ဖျက်ရန် မှန်မကြောက်
ရဲရဲတောက် ဇာတိနွယ်
ကမ္ဘာသိဖွယ် ထင်အရှား။
စဉ်အလာ ဂုဏ်တံတိုင်း
သမိုင်းမြင့်မား။

* ပြည်သူတွက် အနှစ်ပေမို့
ပြည်သူချစ်မြဲခံယူ၊
တပ်မတော်ရဲ့မူ။
ပြည်သူနှင့် ကြည်ကြည်ဖြူ
မခွဲအတူ စဉ်လက်တွဲ၊
ရန်ဘယာ ဘေးခပ်သိမ်း
အေးငြိမ်းစေမြဲ။

* ဘယ်သူခြောက်ခြောက် ဘယ်မကြောက်
ဒူးမထောက် မျိုးမဟာ၊
မော်ကွန်းတင် ကမ္ဘည်းထိုး
မျိုးရိုးစဉ်လာ။
မြှောက်တိုင်းလည်း မမြှောက်ပါ
ကိုယ့်ဝန်တာ ကျေမလွဲ၊
ဘေးမသန်းပေ
အေးချမ်းစေ နည်းစနစ်တွေနဲ့
ထုဆစ်ကာ လမ်းကြောင်းဖော်ပါလို့
တပ်မတော် ဉာဏ်ရည်သွေးရယ်နဲ့
သုံးပါးအရေး ဦးထိပ်တင်ကာဖြင့်
ပြည်တစ်ခွင် စည်ပင်ဖြိုးပါလို့
(အိုကွယ်) ချစ်ကြိုးခိုင်မြဲ။

ဖိုးယုန်(မကွေး)

## တံငါ

ရွက်ထောက်ကိုဆင်၊ ပိုက်တောင်းတင်
ရေပြင်ယှက်ဖွေး၊ လှော်လို့ပြေး
ယီးလေ့လေး ယီးလေးလေး။
ကောင်းကင်တစ်ခို၊ တိမ်မည်းညို
တဲအိုအိပ်မှေး၊ ကမ်းနဲ့ဝေး
ယီးလေ့လေး ယီးလေးလေး။
ပိုက်ချက်တစ်ဖုံ၊ ကွမ်းဆေးငုံ
လှေခုံပေါ်မှေး၊ လေကအေး
ယီးလေ့လေး ယီးလေးလေး။
ကြယ်စုံလင်းရန်၊ တိမ်ခိုးဆန်
လှိုင်းသံကူဖေး၊ ညဉ့်အဆွေး
ယီးလေ့လေး ယီးလေးလေး။
တံငါအားသွန်၊ လင်းကြက်တွန်
ပုစွန်တုပ်ကွေး၊ ငါးစုံဖွေး
ယီးလေ့လေး ယီးလေးလေး။
ဈေးဝင်အမီ၊ အိမ်သူဆီ
မျှော်ရည်လို့ငေး၊ လှေလှော်တေး
ယီးလေ့လေး ယီးလေးလေး။

ဆွေသံစဉ်ဟန်(ကျိုက်လတ်)

ဆောင်းပါး

# လူငယ်များနှင့် လူမှုဝန်ထမ်းစိတ်

**မောင်ကြည်လင်(ရွှေကြိုးကြာ)**

လူမှုဝန်ထမ်းစိတ်ဆိုသည်မှာ လူ့အဖွဲ့အစည်းတွင် လူသားတစ်ဦးနှင့်တစ်ဦး မေတ္တာ၊ စေတနာကို အရင်းခံကာ အချင်းချင်း ရိုင်းပင်းကူညီခြင်းဖြစ်သည်။ လူမှုဝန်ထမ်းစိတ်သည် လူသားများ၏ ဂုဏ်သိက္ခာရှိမှုနှင့် လူသားတို့၏ မြင့်မြတ်မှုကို ဖော်ပြသော အရည်အသွေးကောင်းတစ်ခုလည်း ဖြစ်ပါသည်။

သက်မဲ့သစ်ပင်များသည် တစ်ပင်ကိုတစ်ပင် ယှက်၍ အပြန်အလှန် အမှီသဟဲပြုကြရပါသည်။ ကိုင်းပင်များသည်လည်း ကျွန်းကိုမှီ၍ ရှင်သန်ကြရပေ၏။ ထို့အတူပင် လူသားများတွင်လည်း မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ လင်နှင့်မယား စသည်ဖြင့် အမှီသဟဲပြုကာ လူ့ဘောင်လောက တိုးတက်အောင် ဆောင်ရွက်နေထိုင်ကြရပါသည်။ ကျွန်ုပ်တို့လူသားများသည် ဘဝပေးအခြေအနေအရ ဆင်းရဲခြင်း၊ ချမ်းသာခြင်း၊ ဂုဏ်ရှိခြင်း၊ ဂုဏ်နိမ့်ခြင်း၊ ပညာတတ်ခြင်း၊ ပညာမဲ့ခြင်း စသည်ဖြင့် ခြားနားကြပါသည်။ ထိုသို့ ခြားနားကြသော်လည်း ကိုယ်ချင်းစာစိတ်ဖြင့် ရိုင်းပင်းကူညီလိုသောစိတ်ကို မွေးမြူကြရန် အထူးလိုအပ်ပါသည်။

**စာနာစိတ်ထား**

ကျွန်ုပ်တို့အားလုံးသည် လူ့ပတ်ဝန်းကျင်ကို စိတ်ဝင်စားရန်လိုပါသည်။ မိမိက အဆင်ပြေနေသော်လည်း မိမိကဲ့သို့ အဆင်မပြေသူများကို တွေ့လာနိုင်ပါသည်။ ထိုသို့တွေ့လာလျှင် မည်သို့ အကူအညီပေးနိုင်မည်နည်းဟု စဉ်းစားကြရန်လည်း လိုအပ်ပါသည်။ မိမိပတ်ဝန်းကျင်နှင့် လူသားများအပေါ် စာနာစိတ်ထားခြင်းသည် ကောင်းမြတ်သောအလုပ်ပင် ဖြစ်ပါသည်။ ရိုင်းပင်းကူညီစိတ်၏ စိတ်ချမ်းမြေ့ဖွယ်ကောင်းပုံကို "သူ့အိမ်ကိစ္စ၊ ငါ့အိမ်ကတည့်၊ ငါ့ဝင်းကိစ္စ၊ သူ့ဝင်းကတည့်၊ ထိုမှရွာမှု၊ အရပ်မှုကို၊ ပေါင်းစုတိုင်ပင်၊ လုပ်ငန်းတွင်လည်း၊ ခင်မင်လွတ်လပ်ထိုအရပ်"ဟု ဆရာကြီးဇော်ဂျီက ရေးဖွဲ့ခဲ့ပါသည်။

ကျွန်ုပ်တို့သည် အဆင်မပြေသူကို အဆင်ပြေပါစေဟု ဆုတောင်းပေးရုံဖြင့် မပြီးပါ။ နည်းလမ်းရှာ၍ ကူညီပေးရန်လိုပါသည်။ မိတ်ဆွေအချင်းချင်း၏ အဆင်မပြေမှုများကို နှုတ်၏ဆောင်မခြင်း၊ လက်၏ဆောင်မခြင်းများဖြင့် ကူညီခြင်းသည်ပင် လူမှုဝန်ထမ်းစိတ်ဖြစ်ပါသည်။

ငါးရာ့ငါးဆယ်ဇာတ်နိပါတ်တွင် သမင်၊ လိပ်၊ ခေါက်ရှာငှက်ဟူသော မိတ်ဆွေသုံးဦးသည် တစ်ဦးကိုတစ်ဦး အပြန်အလှန်ကူညီပေးကြခြင်းဖြင့် မုဆိုး၏ရန်မှ ဘေးကင်းခဲ့ကြပုံကို ကျွန်ုပ်တို့အားလုံး ကြားဖူးကြပါသည်။

ရှေးအခါ၌ သမင်တစ်ကောင်သည် ချုံတစ်ခု၌ နေသည်။ လိပ်သည်အနီးရှိ ရေအိုင်တွင်နေသည်။ ခေါက်ရှာငှက်သည် ရေအိုင်အနီးသစ်ပင်၌ နေသည်။ တစ်ခါတွင် သမင်သည် မုဆိုး၏ ကျော့ကွင်းတွင် မိလေသည်။ လိပ်က ကျော့ကွင်းကို ကိုက်ဖြတ်သည်။ ခေါက်ရှာငှက်က မုဆိုးမလာနိုင်အောင် အချိန်ဆွဲထားသည်။ နံနက်ခင်း မုဆိုးလာသောအခါ သမင်နှင့် လိပ်တို့ကို သတင်းပေးသည်။ ကျော့ကွင်းမှာ ကြိုးပြတ်ခါနီးဖြစ်သောကြောင့် သမင်လည်းရုန်းထွက်နိုင်ခဲ့သည်။ ထိုအခါ မုဆိုးလည်း လိပ်ကိုဖမ်းယူပြီး အိတ်ထဲထည့်ကာ သစ်ပင်ထက်၌ ချိတ်ဆွဲထားသည်။ သမင်သည် အားနည်းဟန်ပြ၍ မုဆိုးကို တောနက်ရာသို့ ခေါ်သွားကာ အခြားလမ်းမှ ပြန်ပြေးလာပြီး လိပ်ကိုထည့်ထားသော အိတ်ကို ချိုဖြင့်ချိတ်ယူပြီး ရေအိုင်နား၌ ချပေးခဲ့သည်။ ထိုသို့ မိတ်ဆွေသုံးဦးတစ်ဦးကိုတစ်ဦး အမှီသဟဲပြုကူညီခဲ့သောကြောင့် မုဆိုးရန်မှ လွတ်မြောက်ခဲ့ကြပါသည်။ ကျွန်တော်တို့အားလုံး အထက်ပါဇာတ်တော်ကို သင်ခန်းစာယူ၍ အချင်းချင်း ရိုင်းပင်းကူညီရပေမည်။

ဟင်နရီဒူးနန့်သည် ဆာလ်ဖရေးတိုက်ပွဲ၌ သွေးတရဲရဲဖြင့် အတုံးအရုံးဖြစ်နေသော နစ်ဖက်စစ်သည်တို့ကို ရန်သူ၊ မိတ်ဆွေမခွဲခြားဘဲ လူမှုဝန်ထမ်းစိတ်အပြည့်ဖြင့် ကူညီကုသပေးခဲ့ခြင်းကြောင့် ယနေ့တိုင် ကမ္ဘာက မမေ့နိုင်ခဲ့ကြပေ။

အလားတူပင် မီးအိမ်ရှင် နိုက်တင်ဂေးသည်လည်း လူမှုဝန်ထမ်းစိတ်ကို အခြေခံကာ ကမ္ဘာ့သမိုင်းတွင် မော်ကွန်းဝင်အောင် မှတ်တမ်းတင်နိုင်ခဲ့ကြသည်။

ကမ္ဘာတွင် ကျော်ကြားခဲ့သော စာဆိုတော်ကြီး ရာဘင်ဒြာနတ်တဂိုးသည် ချမ်းသာသော မိသားစုမှ ပေါက်ဖွားလာသူဖြစ်ပါသည်။ မိဘများက နိုင်ငံခြားတွင် ပညာသင်စေလိုသော်လည်း မလွတ်လပ်သော သူ့နိုင်ငံသားတို့၏ ဘဝကို ကိုယ်ချင်းစာနာခဲ့သည်။ သူ့နိုင်ငံတောင်သူလယ်သမားတို့၏ ဘဝကို ကြေကွဲခဲ့သည်။ ထို့ကြောင့် သူ့နိုင်ငံသို့ ပြန်လာခဲ့သည်။

သူ့နိုင်ငံသား တောင်သူလယ်သမားများနှင့် အတူနေခဲ့သည်။ နိုဗယ်ဆုရရှိသောအခါတွင်လည်း ကိုယ်ကျိုးအတွက်မသုံးဘဲနိုင်ငံသားတို့၏ ယဉ်ကျေးမှုတိုးတက်ရေး၊ တောင်သူလယ်သမားတို့၏ ဘဝတိုးတက်ရေးအတွက် အသုံးပြုခဲ့ပါသည်။ ထို့ကြောင့် "သူသည် သူဌေးမျိုးရိုးမှ ပေါက်ဖွားသည်။ သို့သော် သူဆင်းရဲကို ကြင်နာသည်။ သူသည် သိမ်မွေ့နက်နဲသော ဟိန္ဒူကျမ်းကို နားလည်သည်။ သို့သော် လွယ်ကူတင့်တယ်သော ကဗျာကို သူရေးသည်"ဟု ဆရာကြီးဇော်ဂျီက ချမ်းသာသောဘဝမှ ဖြစ်တည်လာသည့် ကိုယ်ချင်းစာစိတ်၊ လူမှုဝန်ထမ်းစိတ်ကို မိန့်ဆိုခဲ့ပါသည်။

**အများအကျိုးဆောင်**

ယနေ့ခေတ် လူငယ်များကိုကြည့်လျှင် လူမှုဝန်ထမ်းစိတ် အလွန်ပင်နည်းပါးလာကြပါသည်။ လူငယ်များသည် အနာဂတ်တွင် နိုင်ငံတော်အတွက် ရိုးသားသူဖြစ်သောကြောင့် ရတနာသေတ္တာကို မင်းကြီးထံ ဆက်သသောအခါ မင်းကြီးက ဆုလာဘ်များစွာကို ချီးမြှင့်လိုက်ပါသည်။ ဤပုံပြင်လေးတွင် စေတနာအရင်းခံကာ လူမှုဝန်ထမ်းစိတ်ရှိသောသူ၏ ရလဒ်ကို ထင်ရှားစွာတွေ့ရှိရပါသည်။

လူငယ်အများစုသည် သူတို့၏ဘဝတိုးတက်အောင် ဖွံလုံ့လနှင့် ကြိုးပမ်းနေကြသော်လည်း ချမ်းသာကြွယ်ဝလာသောအခါ နိမ့်ကျသူများကို ပြန်ကြည့်ဖို့ မေ့နေတတ်ကြပါသည်။ ဘဝမေ့သွားတတ်ကြပါသည်။ ထို့ကြောင့် ကိုယ်ချင်းစာစိတ်နှင့် အတူ လူမှုဝန်ထမ်းစိတ် ကင်းမဲ့သွားတော့သည်။ အများအကျိုးဆောင်ရွက်ရန်လည်း မသိတော့ပေ။

**လိုက်နာဖွယ်ကောင်း**

လူငယ်များအနေဖြင့် သံမဏိသူဌေးကြီး အင်ဒရူးကာနက်ဂျီကို အတုယူသင့်သည်။ အင်ဒရူးကာနက်ဂျီသည် ဆင်းရဲသားဘဝမှ ဖွဲလုံ့လကြောင့် ချမ်းသာလာခဲ့ပါသည်။ ချမ်းသာလာသောအခါ ဘဝမမေ့ခဲ့ပေ။ ထို့အတူ သန်းပေါင်းရာချီ၍ လှူဒါန်းခဲ့ခြင်းဖြင့် သူ၏ ကောင်းမြတ်သော လူမှုဝန်ထမ်းစိတ်ကို ပြသခဲ့ပါသည်။ "ငွေထုပ်ကြီးပိုက်ပြီး သေသွားရတာလောက် ရှက်စရာကောင်းတာ မရှိဘူး"ဟု မိန့်ဆိုခဲ့သည်မှာ လိုက်နာဖွယ်ကောင်းလှပါသည်။

မြန်မာနိုင်ငံတွင် ဖလောရင့်နိုက်တင်ဂေးဆုရရှိခဲ့သော သူနာပြုဆရာမ ဒေါ်အမ်ယောနမ်ဆိုသူရှိပါသည်။ သူ့အတွက် တစ်နိုင်ငံလုံး ဂုဏ်ယူခဲ့ကြရပါသည်။ ထို့အတူပင် ကချင်ပြည်နယ်သား စိုင်းအောင်လှိုင်သည် ကမ္ဘာကျော် ဟင်နရီဒူးနန့်ဆုကို ချီးမြှင့်ခြင်းခံခဲ့ရပါသည်။ ထိုသူနှစ်ဦးကြောင့် မြန်မာပြည်သူတို့ များစွာဂုဏ်တင့်စေခဲ့ပါသည်။ ယနေ့လူငယ်များအတွက် အတုယူ စံနမူနာယူထိုက်ပေသည်။

"ရေ၏အတိမ်အနက်ကို ကြာရိုး၊ ကြာစွယ်ဖြင့် သိနိုင်ပါသည်။ ထို့အတူပင် တိုင်းပြည်တစ်ပြည်၏ ဖွံ့ဖြိုးတိုးတက်ရေးသည် လူငယ်များ၏ လူမှုဝန်ထမ်းစိတ်ရှိ၊ မရှိကို ကြည့်ခြင်းဖြင့် သိနိုင်ပါသည်။

> ☆ လူငယ်များ၏စိတ်တွင် ကိုယ်ချင်းစာတရားနှင့် လူမှုဝန်ထမ်းစိတ် ကိန်းအောင်းလာစေရန် မိဘများ၊ ဆရာသမားများ၊ ပတ်ဝန်းကျင်လူ့အသိုင်းအဝိုင်း၏ လမ်းညွှန်ပေးမှုမှာ လွန်စွာပင်အရေးပါ
>
> ☆ လက်ဦးဆရာဖြစ်သော မိဘများသည် မိမိတို့၏သားသမီးများကို ငယ်စဉ်ကတည်းကပင် အတုယူဖွယ်ပုံပြင်များ၊ ဇာတ်နိပါတ်များဖြင့် လူမှုဝန်ထမ်းစိတ်ရှိလာစေရန် လမ်းညွှန်ပေးသင့်

လူမှုဝန်ထမ်းစိတ်ဟူသော ကုသိုလ်မျိုးစေ့ကို ... သားကောင်းရတနာ ဖြစ်ပါသည်။ ထိုလူငယ်များအတွက် လိုအပ်သောအရာသည် စာရိတ္တဗလတွင် ပါဝင်သော လူမှုဝန်ထမ်းစိတ်ပင်ဖြစ်ပါသည်။ "ယနေ့လူငယ်၊ နောင်ဝယ်လူကြီး၊ သင်လည်းတစ်ဦး၊ သားထူး သားမြတ်"ဖြစ်ရန် လူငယ်များတွင် သနားညှာတာစိတ်၊ ကိုယ်ကျိုးစွန့်ကာ အများအကျိုးဆောင်ရွက်လိုသောစိတ်များ ကိန်းအောင်းနေကြရန် အထူးပင်လိုအပ်ပါသည်။

လူငယ်များ၏စိတ်တွင် ကိုယ်ချင်းစာတရားနှင့် လူမှုဝန်ထမ်းစိတ် ကိန်းအောင်းလာစေရန် မိဘများ၊ ဆရာသမားများ၊ ပတ်ဝန်းကျင်လူ့အသိုင်းအဝိုင်း၏ လမ်းညွှန်ပေးမှုမှာ လွန်စွာပင်အရေးပါပေသည်။ လက်ဦးဆရာဖြစ်သော မိဘများသည် မိမိတို့၏ သားသမီးများကို ငယ်စဉ်ကတည်းကပင် အတုယူဖွယ်ပုံပြင်များ၊ ဇာတ်နိပါတ်များဖြင့် လူမှုဝန်ထမ်းစိတ်ရှိလာစေရန် လမ်းညွှန်ပေးသင့်ပါသည်။

ဆရာသမားများကလည်း "ဆရာကောင်း တပည့်၊ ပန်းကောင်းပန်" နိုင်စေရန်၊ ပေါင်းသင်းဆက်ဆံရေးအတွက် လူမှုဝန်ထမ်းစိတ်ရှိရန် စာပေများအပြင် ကာယ၊ စာရိတ္တအချိန်များကို နည်းလမ်းကျစွာ သင်ကြားပေးရန်လိုအပ်ပါသည်။

ကျွန်ုပ်တို့ငယ်စဉ်က သင်ကြားခဲ့ရသော သင်ခန်းစာတစ်ခုသည် မှတ်သားဖွယ်ကောင်းပါသည်။ လမ်းတွင် ကျောက်တုံးကြီးတစ်တုံးပိတ်ဆို့နေရာ ခရီးသွားလာသူတို့ ရှောင်ဖယ်သွားကြရသဖြင့် ထိခိုက်ဒဏ်ရာများရကြသည်။ သို့သော် မည်သူမျှ ထိုကျောက်တုံးကြီးကို ဖယ်ရှားခြင်းမပြုကြပေ။ လူမှုဝန်ထမ်းစိတ်ရှိသော လူငယ်တစ်ဦးက ကျောက်တုံးကြီးကို ဖယ်လိုက်ရာ ရတနာသေတ္တာကို တွေ့ရှိရလေသည်။ လူငယ်သည် ကျွန်ုပ်တို့အားလုံး စိုက်ပျိုးခြင်းဖြင့် ထိုကုသိုလ်သည် သံသရာတစ်လျှောက် အညွန့်တလူလူ လိုက်နေမှာဖြစ်ပါသည်။ ကျွန်ုပ်တို့သည် လူမှုဝန်ထမ်းစိတ်ကို ခန္ဓာတည်သရွေ့ အုတ်တစ်လွှား၊ သဲတစ်ဖြာအဖြစ် ပါဝင်ဆောင်ရွက်သင့်ပါသည်။

လူမှုဝန်ထမ်းစိတ်သည် ယဉ်ကျေးခြင်းတစ်မျိုးဖြစ်ပါသည်။ ယဉ်ကျေးသူ၏နှလုံးသားသည် အမြဲလှပနေမည်ဖြစ်ပါသည်။ ယဉ်ကျေးခြင်းကြောင့် မျှတစွာ နေထိုင်တတ်လာပါသည်။ အတ္တကို လျှော့နည်းစေပါသည်။ "စားဝတ်နေမှု၊ ဤသုံးခုကို၊ လူ့ဓမ္မတာ၊ ဆည်းပူးရာဝယ်၊ ပြည်ရွာအကျိုး၊ အများကျိုးလည်း၊ သယ်ပိုးပါမှ၊ လုပ်အားအလှ"ဟု ဆရာကြီးဇော်ဂျီက လုပ်အားအလှ ကဗျာတွင် ရေးဖွဲ့ခဲ့ပါသည်။

"လူနှစ်ယောက်ပေါင်း၊ ခြေနှစ်ချောင်း၊ မျက်ကောင်းနှစ်ခုသာ"ဟူသော ဆိုရိုးစကားရှိပါသည်။ ထိုဆိုရိုးစကားသည်သည် လူမှုဝန်ထမ်းစိတ်ကို အခြေခံသည်ဟု ဆိုရပေမည်။ လူနှစ်ယောက်ရှိပါသည်။ တစ်ယောက်သည် ခြေနှစ်ဖက်စလုံးပါသော်လည်း မျက်စိကွယ်နေသည်။ နောက်တစ်ယောက်သည် ခြေနှစ်ဖက်စလုံးမပါ။ သို့သော် မျက်စိမြင်ရသည်။ ထိုသူနှစ်ယောက်ပေါင်းမိကြသောအခါ ခြေထောက်ပါသူက မျက်စိပါသူကို ကုန်းပိုးကာ လိုရာခရီးသို့ သွားလာနိုင်ကြသည်။ ဤသည်ကား တစ်ဦးနှင့်တစ်ဦး အပြန်အလှန်အမှီပြုကာ လူမှုဝန်ထမ်းစိတ်အပြည့်ဖြင့် နေထိုင်ကြခြင်းပင် ဖြစ်ပါသည်။

ထို့ကြောင့် လူငယ်များနှင့်အတူ ကျွန်ုပ်တို့အားလုံးသည် လူ့လောကသာယာလှပရေးအတွက် လူမှုဝန်ထမ်းစိတ်ဖြင့် ချစ်ခင်စွာ နေထိုင်သွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီမှ ချေးငွေထုတ်ချေး

(ယမန်နေ့မှအဆက်)

**ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာနယ်ဇင်းနှင့် မီဒီယာများအား ဘဏ္ဍာရေးဆိုင်ရာ အကူအညီပေးအပ်နိုင်ရေးအတွက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ပထမအသုတ် ချေးငွေခွင့်ပြုပေးရန် စိစစ်အတည်ပြုသည့် ကုမ္ပဏီ/လုပ်ငန်းများ**

| စဉ် | ကုမ္ပဏီ/ လုပ်ငန်းအမည် | လိပ်စာ |
|---|---|---|
| ၁၈၈ | ဦးလှခိုင် (ပွဲဦးမင်း- ဇာတ်သဘင်) | ကသဲဝင်း၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၈၉ | ဦးအောင်အောင် (မျိုးဆက်သစ်ရဲခိုင် ဇာတ်) | အကွက် (၃)၊ အနိုပ်တော်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၉၀ | ဦးထက်အာကာအောင် (ထက်အာကာအောင် ဇာတ်) | အကွက် (၃)၊ ညောင်ကွဲ၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၉၁ | ဒေါ်ကြည်ကြည်လွင် (ရွှေမြန်မာ့သဘင်) | ယျဉ်ပုံရပ်၊ စိန်ပန်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၉၂ | ဦးမင်းသူ (မန္တလာထိပ်ခေါင် ဇာတ်သဘင်) | (၈၄၂) ကွက်၊ ချမ်း/မြောက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၉၃ | ဦးမြမောင် (နန်းမြို့တော်ဇာတ်) | လမ်း ၈၀/၄၁ လမ်း၊ လှေတန်းရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၉၄ | ဒေါ်သင်းသင်းဦး (ဒို့ခေတ် ချစ်ညီအကို ဇာတ်သဘင်) | လက်ချိတ်တန်းရပ်၊ ၃၉/၈၁၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၉၅ | ဦးတူး (သစ္စာနန်းခိုင် ဇာတ်ပွဲ) | သံ/နောက်၊ စိန်ပန်းရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၉၆ | ဒေါ်ကေသီညွန့် (ဒါဒို့ရွှေ ဇာတ်ပွဲ) | (၈၄၀) ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၉၇ | ဒေါ်ခင်ဌေးဝင်း (ရွှေတော်ဝင်ဇာတ်) | (၆၆၄/ က) ရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၉၈ | ဒေါ်မာလာညွန့် (ဇမ္ဗူရေ ရွှေညီကို ဇာတ်သဘင်) | (၆၆၄) ဘီးတန်းရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၁၉၉ | ဒေါ်စိန်စိန်မြင့် (မန္တလာချစ်သူဇာတ် မင်းချစ်သူဇာတ်) | (၆၆၄) ဘီးတန်းရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၀၀ | ဦးချစ်စွမ်းသာ (ရွှေလာဘ်ငွေလာဘ် သဘင်) | သဘင်ရုံး၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၀၁ | ဦးဖိုးဇော် (အောင်ပွဲသစ် ဇာတ်ပွဲ) | ယျဉ်ပုံရပ်၊ စိန်ပန်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၀၂ | ဦးသောင်းထွန်း (အမြင်သစ် ဇာတ်) | (၄၂) လမ်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၀၃ | ဦးမြသန်း (မြတရာအငြိမ့်) | လှေတန်းရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၀၄ | ဦးချိုတူး (ဒို့ညီအကို ချိုတူး အငြိမ့်) | မှန်တန်းရပ်ကွက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၀၅ | ဒေါ်သွယ်သွယ်အောင် (နိုင်အောင်သူ မင်္ဂလာဆိုင်း) | (၉၀၀) ရပ်ကွက်၊ ၇၈ လမ်း- ၄၃ လမ်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၀၆ | ဒေါ်သီတာညွန့် (သားဖိုလ်ဟိန်း မင်္ဂလာဆိုင်း) | (၈၄၀) အကွက်၊ ချမ်း/မြောက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၀၇ | ဦးအောင်ကျော်စိုး (ဖိုးသိကြား ယွန်းဝတီဖိုလ် မင်္ဂလာဆိုင်း) | (၆၆၄)၊ ဘီးတန်းရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၀၈ | ဦးစိန်ကုလား (စိန်ကုလား (သား) ဇာနည်ကို မင်္ဂလာဆိုင်း) | (၉၀၁)၊ သီတာအေးရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၀၉ | ဦးဇော်မင်း (နိုင်မြန်မာ တက္ကသိုလ် သားစစ် မင်္ဂလာဆိုင်း) | အကွက် (၈၃၉) ၊ ချမ်း/မြောက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၁၀ | ဦးစိန်ပေါ (မြတ်ဆုနိုင် မင်္ဂလာဆိုင်း) | (ဟ/ ရ) ရပ်ကွက်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၁၁ | ဦးမျိုးသူ (မန္တလေးမျိုးသူ မင်္ဂလာဆိုင်း) | အကွက် (၉၀၀) ရပ်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၁၂ | ဦးပစ်တိုင်းထောင် (ပစ်တိုင်းထောင် မင်္ဂလာဆိုင်း) | အောင်ချမ်းသာရပ်၊ စိန်ပန်း၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၁၃ | ဦးမောင်မော် (ဇာတိမာန် မင်္ဂလာဆိုင်း) | အောင်သပြေရပ်ကွက်၊ မြစ်ငယ်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၁၄ | ဦးတင့်လွင် (မျိုးကိုကို မင်္ဂလာဆိုင်း) | စည်ပင်ရွာ၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၁၅ | ဦးဖိုလ်နိုင် (ဂီတမဏ္ဍာနိုင် သားဖိုလ်နိုင် မင်္ဂလာဆိုင်း) | ပန်တျာကျောင်းဝင်း၊ နန်းရှေ့၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၁၆ | ဦးနေဝင်း (စိန်တင်ဟန်နှင့် သားများ မင်္ဂလာဆိုင်း) | အမှတ်(၂၄)၊ အကွက် (၁၈)၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၁၇ | ဦးမြငွေ (ဖိုလ်ဖိုလ်ကျော် ရွှေညီအကို မင်္ဂလာဆိုင်း) | သက်ရက်ကုန်းရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၁၈ | ဦးစိန်မျက်ပြူး (စိန်မျက်ပြူး မင်္ဂလာဆိုင်း) | (၄၉၇)၊ ပြည်တော်သာရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၁၉ | ဦးစိုးသူ (မန္တလေးစိုးသူ မင်္ဂလာဆိုင်း) | သီတာအေး (၉၀၂) ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၂၀ | "ဒေါ်မိုးသူဇာအေး ဒို့ဖိုလ်မ" မင်္ဂလာဆိုင်း | (၈၅၅) ရပ်ကွက်၊ ချမ်း/တောင်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၂၁ | "တက္ကသိုလ်ဖိုးလပြည့်" မင်္ဂလာဆိုင်း | (၉၀၂) သီတာအေးရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၂၂ | "ဆင်ဗေဒါ (သမီး) ဇူးဇူးစံ" မင်္ဂလာဆိုင်း | (၉၀၂) သီတာအေးရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၂၃ | "ဦးနန်းဇော်ဦး (သားထက်)" မင်္ဂလာဆိုင်း | ပြင်စာကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၂၄ | "ပန်တျာအောင်ဖိုလ်" မင်္ဂလာဆိုင်း | ကံသာယာမြို့သစ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၂၅ | "စတားကြယ်စင်" မင်္ဂလာဆိုင်း | (၈၅၈) ချမ်း/တောင်ရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၂၆ | "မန္တလေးပိုင်ရှင် (ညီ) ရဲဖိုလ်ဟိန်း" မင်္ဂလာဆိုင်း | (၉၀၂) သီတာအေးရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၂၇ | "ဂန္တဝင်စစ်သွေး" ဆိုင်းအဖွဲ့ | (၉၀၂) သီတာအေးရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၂၈ | "ယမင်းသူ" ဆိုင်းအဖွဲ့ | ၉၉/ ၃၃၊ အောင်သာယာရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၂၉ | "ရွှေလက်ပိုင်သူ" မင်္ဂလာဆိုင်း | ဗဗ/၈ အမှတ် (၂၄၃)၊ အောင်သာယာရပ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၃၀ | "အမွှာမောင်နှမ"မင်္ဂလာဆိုင်း | တမွဝတီရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၃၁ | "ညီရဲရင့်" မင်္ဂလာဆိုင်း | (၉၀၂) သီတာအေးရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၃၂ | "စည်သူမြဝင်း" မင်္ဂလာဆိုင်း | အမှတ် (၈၅၂)၊ ချမ်း/မြောက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၃၃ | "သူရထက်နိုင်" မင်္ဂလာဆိုင်း | (၉၀၂) သီတာအေးရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၃၄ | "မော်ဒယ်သုန်သုန်" မင်္ဂလာဆိုင်း | ကျောက်တံတားရွာ၊ မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၃၅ | "ဒေါင်းဇာနည်" မင်္ဂလာဆိုင်း | (အ/၁၇)၊ ငွေတော်ကျည်ကုန်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၃၆ | "နေလ" မင်္ဂလာဆိုင်း | (၄၉) လမ်း၊ ဖိုလ်ဗထူးလမ်း၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၃၇ | "မာန်ဟိန်း" မင်္ဂလာဆိုင်း | သင်ပန်းကုန်းရပ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၃၈ | "တက္ကသိုလ်ဒေါင်းလင်းဟိန်း" မင်္ဂလာဆိုင်း | ကံကောက်ရွှေယဉ်မွန်ရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၃၉ | "မန္တလေးရှိုင်းအောင်" မင်္ဂလာဆိုင်း | အောက်တောရွာ၊ တံတားဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၄၀ | "ဦးကျော်မျိုးနိုင် မန်းပန်တျာနန်းထိုက်" မင်္ဂလာဆိုင်း | တောင်တလုံးရွာ၊ တံတားဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၄၁ | "မင်းခန့်ပိုင်" မင်္ဂလာဆိုင်း | အကွက် (၄၉၉)၊ ဗွန်းစုရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၄၂ | "စိန်ဝမ်ချိုင်း" ဆိုင်းလုပ်ငန်း | (၄၉၄) ဗွန်းစုရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၄၃ | "မျိုးမြန်မာ" မင်္ဂလာဆိုင်း | တဲတော်ရာ ရပ်ကွက်ကြီး (၃)၊ တံတားဦးမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၂၄၄ | "အောင်ဖိုလ်ဟိန်း" မင်္ဂလာဆိုင်း | တမွဝတီရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၄၅ | "ချစ်ပန်းဝါ" မင်္ဂလာဆိုင်း | အနိုပ်တော်ရပ်၊ အကွက် (၃)၊ နန်းရှေ့ အောင်/စံ၊ မန္တလေးတိုင်းဒေသကြီး |
| ၂၄၆ | "အားမာန်သီဟ" မင်္ဂလာဆိုင်း | အကွက် (၅၂)၊ အိုးဘိုရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၄၇ | "ကျော်ဆန်းဝင်းနှင့်ညီများ" မင်္ဂလာဆိုင်း | ညောက်ကွဲရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၄၈ | "မန္တလေးကောင်းထက်" မင်္ဂလာဆိုင်း | ကုန်းတန်းရပ်၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၄၉ | "မန္တလေးမျိုးဟိန်း" မင်္ဂလာဆိုင်း | ဇီးကုန်းကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၅၀ | "ဖြူဖြူနှင်း" မင်္ဂလာဆိုင်း | တဲယာရွာ၊ တောင်သာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၅၁ | "ဒို့မောင်မောင်သိန်း" မင်္ဂလာဆိုင်း | ဆည်ကုန်းရပ်၊ တောင်သာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၅၂ | "ဖိုလ်မင်းကို" မင်္ဂလာဆိုင်း | တံငါကျင်းရွာ၊ တောင်သာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၅၃ | "ဦးညီညီဇော်" မင်္ဂလာဆိုင်း | ညောင်ခြေထောက်၊ တောင်သာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၅၄ | "မွန်မွန်ချစ်" မင်္ဂလာဆိုင်း | တဲကြီးကုန်းရွာ၊ တောင်သာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၅၅ | "အေးချမ်းသူ" မင်္ဂလာဆိုင်း | ရုံးစည်ကြီးရွာ၊ တောင်သာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၅၆ | "ပန်းအိမ်မိုး" မင်္ဂလာဆိုင်း | ဆည်ကုန်းရွာ၊ တောင်သာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၅၇ | "ရွှေဂျော်ကာ" မင်္ဂလာဆိုင်း | မြင်စိုင်းတောင်ရွာ၊ ကျောက်ပန်းတောင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၅၈ | "ဖိုလ်ဖိုလ်သိန်း" မင်္ဂလာဆိုင်း | အမှတ်(၂) ရပ်ကွက်၊ တောင်သာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၅၉ | "မြကျော်စိုး" မင်္ဂလာဆိုင်း | ရုံးစည်ကြီးကျေးရွာ၊ တောင်သာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၆၀ | "သိင်္ဂီအောင်" မင်္ဂလာဆိုင်း | အုန်းကျင်း၊ တောင်သာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၆၁ | "စိန်မင်းညွန့်" မင်္ဂလာဆိုင်း | အမှတ် (၄) ရပ်ကွက်၊ တောင်သာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၆၂ | "အောင်ဝင်းဖိုလ်" မင်္ဂလာဆိုင်း | တဲကြီးကုန်းရွာ၊ တောင်သာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၆၃ | "ရွှေမြန်မာဟိန်းဇော်" မင်္ဂလာဆိုင်း | ကုလကျေးရွာ၊ ငါန်းဇွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၆၄ | "ကျော်ဖိုလ်ဟိန်း" မင်္ဂလာဆိုင်း | ဖောင်ရွာ ရွာသစ်ရပ်၊ ကျောက်ဆည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၆၅ | "စိန်ကြည်ခိုင်" မင်္ဂလာဆိုင်း | (က/၃၃၁)၊ အမှတ် (၁၆) ရပ်ကွက်၊ မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၆၆ | "ဟိန်းစိုးကျော်" မင်္ဂလာဆိုင်း | သိမ်ကုန်းကျေးရွာ၊ မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၆၇ | "သီတာမိုး တစ်ကိုယ်တော်" အငြိမ့် | အမှတ် (၁၂) ရပ်ကွက်၊ မြင်းခြံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၆၈ | "မင်းကျော်စွာ" ဒေဝါဆိုင်း | စ/ထထ-၁၃၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၆၉ | "မြတ်သူ" နတ်ဆိုင်း | တတ ၄၃/၄၇၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၇၀ | ဦးကျော်ညွန့် (နန်းတော်ကြီးနတ်ဆိုင်း) | တောင်ပြုံးကြီးရွာ၊ မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၇၁ | ဦးအောင်မျိုးနိုင်(ခ)မျိုးခိုင်(ဒေဝါနတ်ဆိုင်း) | ပန်းပဲတန်းရပ်၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၇၂ | ဒေါ်မေရီမြင့် (သက်ထွန်းအောင် နတ်ဆိုင်း) | အကွက် (၂၀၉)၊ အလယ်ဘောင်ရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၇၃ | ဦးဇော်မင်းအောင် (မင်းဂေါင်နတ်ဆိုင်း) | ကံသာယာမြို့သစ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၇၄ | ဦးအောင်နိုင်လင်း (စိန်ချစ်တီးနတ်ဆိုင်း) | ကံသာယာမြို့သစ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၇၅ | ဦးခင်မောင်သန်း (ခ) ဦးကျော်မင်းသန်း (နိုင်အောင်ဟိန်းနတ်ဆိုင်း) | အမှတ် (၅) ရပ်ကွက်၊ တောင်သာမြို့၊ မန္တလေးတိုင်းဒေသကြီး |
| ၂၇၆ | ဦးတင်ညို (ခ) ဦးဂျိုးသိန်း (မန္တလေးဂျိုးသိန်း နတ်ဆိုင်း) | (ဗ-၂၂)၊ မြရည်နန္ဒာ၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၇၇ | ဦးစိုးမြင့် (မြဇေယျာ မင်္ဂလာစည်တော်) | ရွေးဒါးဘုရားကုန်းရွာ၊ ရမည်းသင်းမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |
| ၂၇၈ | ဦးနှင်းဝေ (ခ) ဝေမျိုးထိုက် (ဇမ္ဗူအောင် စည်တော်ကြီး) | ရွှေလေးရွာ၊ ရွှေကြက်ယက်အုပ်စု၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး |

(ဆက်လက်ဖော်ပြပါမည်)

# လူငယ်များ၏ အနာဂတ်ဘဝဖွံ့ဖြိုးတိုးတက်စေရန် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကျင်းပ

ကျောင်းသား ကျောင်းသူများနှင့် လူငယ်မောင်မယ်များ ကျောင်းစာအပြင် ပြင်ပအသိပညာဗဟုသုတ တိုးပွားလာစေရန် နိုင်ငံအတွက် အားကိုးအားထားပြုရသော ထူးချွန်ထက်မြက်သူများ ပေါ်ထွန်းလာစေရန်၊ ဗလငါးတန်ဖွံ့ဖြိုးခြင်းနှင့်အတူ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာထက်မြက်ပြည့်စုံသောသူများ ဖြစ်လာစေရန် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ပြီး နိုင်ငံ၏ လူ့စွမ်းအားအရင်းအမြစ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ လူငယ်ရေးရာအသိပညာဟောပြောပွဲများ မြို့နယ်အသီးသီး၌ ကျင်းပလျက်ရှိသည်။



## ပွင့်ဖြူ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် လူငယ်များ၏ အနာဂတ်ဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက် စီစဉ်ကျင်းပသည့် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို မတ် ၂၆ ရက် နံနက် ၁၀ နာရီက ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဝါတပ်ရှိအခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်ကျင်းပခြင်းဖြစ်ပြီး ဟောပြောပွဲတွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ မြို့နယ်အားကစားမှူး ဦးရန်လင်းအောင်က လူငယ်နှင့် အားကစား ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ်ပညာရေးမှူးရုံးမှ ဒုတိယမြို့နယ် ပညာရေးမှူး ဦးနွေဝင့်ကျော်က လူငယ်နှင့် အနာဂတ်ခေါင်းစဉ်ဖြင့် လည်းကောင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာထိန်လင်းက လူငယ်နှင့် ဗလငါးတန်ဖွံ့ဖြိုးရေး ခေါင်းစဉ်ဖြင့် လည်းကောင်း ရှင်းလင်းဆွေးနွေး ဟောပြောခဲ့ပြီး ကျောင်းသား ကျောင်းသူများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး ( ပွင့်ဖြူမြေ )**

## မြောင်းမြ

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် လူငယ်များ စိတ်ဓာတ်၊ စည်းကမ်း၊ အကျင့်စာရိတ္တကောင်းမွန်စေရန် တိုင်းချစ် ပြည်ချစ်စိတ်နှင့် အားကစားတွင်စိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်လာစေရေးအတွက် လူငယ်အသိပညာပေး ဟောပြောပွဲကို မတ် ၂၆ ရက် မွန်းတည့် ၁၂ နာရီတွင် မြောင်းမြမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းရှိ ပညာရတနာခန်းမတွင် ကျင်းပခဲ့သည်။

ဟောပြောပွဲကို ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကျင်းပပြုလုပ်ပြီး မြောင်းမြခရိုင် ပညာရေးမှူး ဦးစသိန်းကျော်က စိတ်ဓာတ်နှင့် စည်းကမ်းဆိုင်ရာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းက လူငယ်များအကျင့်စာရိတ္တကောင်းမွန်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးခင်စိုးက အားကစားဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောခဲ့ပြီး အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းသို့ အားကစားပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မအူပင်

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း မြတ်ပညာခန်းမ၌ အခြေခံပညာဦးစီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနတို့ပူးပေါင်း၍ အခြေခံပညာကျောင်းသား/ သူများအား လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို မတ် ၂၆ ရက် နံနက်ပိုင်းက ဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါ ဟောပြောပွဲတွင် မအူပင်ခရိုင် ပညာရေးမှူးရုံးမှလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မော်မော်ခိုင်က စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်ရေး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်သူဇာလှိုင်က အကျင့်စာရိတ္တကောင်းမွန်ရေးနှင့်မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မြင့်က လူငယ်နှင့် အားကစားခေါင်းစဉ်ဖြင့် လည်းကောင်း ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ ဆက်)**



## အိမ်မဲ

ကျောင်းသား ကျောင်းသူများ ကျောင်းစာအပြင် ပြင်ပစာပေဗဟုသုတများကြွယ်ဝစေရန် လူငယ်လူရွယ် ကျောင်းသား ကျောင်းသူများအား ဘက်စုံထူးချွန်ဖွံ့ဖြိုးတိုးတက်စေရေး၊ ဘဝရည်မှန်းချက်ပန်းတိုင်များ ကောင်းမွန်စွာ လျှောက်လှမ်းနိုင်စေရန် ရည်ရွယ်၍ မတ် ၂၆ ရက် နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အ.ထ.က(၁) ရွှေညီလာခန်းမတွင် လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲ ကျင်းပခဲ့သည်။

ဆက်လက်ပြီး မြို့နယ်ပြန်/ဆက်ဦးစီးမှူးက အကျင့်စာရိတ္တကောင်းမွန်ရေးနှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေးခေါင်းစဉ်၊ မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှဒေါ်အိအိမျိုးကလူငယ်နှင့်ကျန်းမာရေးခေါင်းစဉ်၊ပညာရေးဦးစီးဌာနမှ အ.ထ.က (၁)ကျောင်းအုပ်ဆရာကြီးကိုယ်စား အလယ်တန်းပြဆရာမ ဒေါ်စန်းယုရွှေ က စာတတ်ဖို့သာမက ပညာတတ်ဖို့ပါကြိုးစားကြခေါင်းစဉ်များဖြင့် ဟောပြောခဲ့ကြကြောင်း သိရသည်။

**ချစ်သက်လယ်(အိမ်မဲ)**

## ဟင်္သာတ

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်တွင် ပြန်ကြားရေးဝန်ကြီးဌာန၊ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို မတ် ၂၆ ရက် နံနက်ပိုင်းက ဟင်္သာတမြို့ အထက (၁) ကျောင်း ဟင်္သာခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်ပညာရေးမှူးကိုယ်စား ဆရာမကြီး ဒေါ်စန်းစန်းရီက "စိတ်ဓာတ်ကောင်းမွန်ရေး စည်းကမ်းလိုက်နာရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်ခင်စန္ဒာဆွေက "လူငယ်နှင့် မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဟင်္သာတခရိုင်အားကစားမှူး ဦးကျော်သန်းက "လူငယ်နှင့် အားကစား" ခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာပေးဟောပြောခဲ့ကြပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဟင်္သာတခရိုင် အားကစားမှူးက အားကစားပစ္စည်းများကို တာဝန်ရှိသူများထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။

**ကိုဇော် (ဟင်္သာတ)**



## လူမှုကွန်ရက်နှင့် ဒီဂျစ်တယ်မီဒီယာ ကျွမ်းကျင်မှုသင်တန်းဖွင့်

ရန်ကုန် မတ် ၂၆

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည်ဝန်ထမ်းများလုပ်ငန်းစွမ်းဆောင်ရည်ကောင်းမွန်ပြီး သတင်းရေးသားနည်းပညာကျွမ်းကျင်မှုအရည်အသွေးမြင့်မားလာစေရန်နှင့် သတင်းမီဒီယာဆောင်ရွက်နေသောဝန်ထမ်းများအရည်အသွေးမြင့်မားလာစေရေးတို့အတွက်လူမှုကွန်ရက်နှင့်ဒီဂျစ်တယ် မီဒီယာများအတွက်ဖန်တီးခြင်းဆိုင်ရာ Content လက်တွေ့အသုံးချနည်း ကျွမ်းကျင်မှုသင်တန်းကို ရန်ကုန်အနောက်ပိုင်းခရိုင် လူထုအခြေပြုဗဟိုဌာန(ဗဟန်း)၌ ယနေ့နံနက် ၉ နာရီတွင် ဖွင့်လှစ်သည်။

အဆိုပါသင်တန်းသို့ ပြန်/ဆက်ဦးစီးဌာနမှ ဌာနအတွင်းရှိဝန်ထမ်း ၄၀ တက်ရောက်သင်ကြားပြီး စနေနှင့် တနင်္ဂနွေနေ့ ၂ ရက်တွင် နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိရုံးတက်ချိန် မထိခိုက်စေဘဲဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။ **အောင်မြင့်(ပြန်/ဆက်)**

## တောင်ငူ၌ စာဖတ်ဝိုင်းကျင်းပ

တောင်ငူ မတ် ၂၆

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club) တို့ပူးပေါင်းကာ ယနေ့နံနက်ပိုင်းက ခရိုင်လူထုအခြေပြုဗဟိုဌာနခန်းမ၌ စာဖတ်ဝိုင်းကျင်းပသည်။

စာဖတ်ဝိုင်းတွင် ပြန်/ဆက်ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ စာရေးဆရာ ကြည်နိုင်ရေးသားသည့် "ရသစာမွန်ပုံရိပ်"စာအုပ်ဖြင့်စာဖတ်ဝိုင်းအား ကျင်းပရာ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း အဖွဲ့ဝင်များက စာအုပ်ပါအကြောင်းအရာများအား မိမိ၏ ထင်မြင်ယူဆချက်များ၊ တွေးခေါ်မှုများနှင့်အတူ၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

## နွေရာသီ အေရိုးဗစ်သင်တန်း ဖွင့်လှစ်သင်ကြား

ဝါးခယ်မ မတ် ၂၆

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့ ပြန်ကြားရေးနှင် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၌ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍လူငယ်များဗလငါးတန် ဖွံ့ဖြိုးစေရန်နွေရာသီ အေရိုးဗစ်သင်တန်းများကို ယနေ့နံနက် ၉ နာရီခွဲတွင် စတင်ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

အားကစားသင်တန်းတွင် မြန်မာ့သိုင်း၊ ရိုးရာခြင်းလုံး၊ စားပွဲတင်တင်းနစ်၊ အေရိုးဗစ်၊ Fitness Dance အားကစားနည်းများပါဝင်ပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ နည်းပြအားကစားမှူး ဒေါ်ဖြူနှင်းဖွေးကိုယ်တိုင် ဦးဆောင်၍ သင်တန်းသား ၁၅ ဦးအား သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။ **ဝါးခယ်မ(ပြန်/ဆက်)**

## အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်လှစ်

ရွှေပြည်သာ မတ် ၂၆

ရွှေပြည်သာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူဆက်ဆံရေးဦးစီးဌာနတွင် ကျောင်းသား/ကျောင်းသူများအား အသိပညာ၊အတတ်ပညာ ဗဟုသုတများတိုးပွားစေရန်ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြို့နယ်စာရေးဆရာအသင်းနှင့်ပညာရေးဌာနတို့ ပူးပေါင်း၍ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကို ယနေ့မွန်းလွဲပိုင်းတွင် ခန်းမ၌ဖွင့်လှစ်သင်ကြားပေးကြောင်းသိရသည်။

အဆိုပါ အခြေခံပန်းချီရေးဆွဲနည်းသင်တန်းကိုမတ် ၂၆ရက်မှ ၂၈ ရက်အထိ သုံးရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ယခုလိုကလေးများအတွက်အခြေခံပန်းချီရေးဆွဲနည်းသင်တန်းဖွင့်လှစ်ပေးခြင်းအားဖြင့် နောင်မျိုးဆက်သစ် လူငယ်များအား မိမိတတ်သိထားသည့်အကြောင်းအရာနှင့် ပညာရပ်များ ချပြခွင့်ရသည့်အတွက် အလွန်ဝမ်းသာ၍ ကျေးဇူးတင်ရှိကြောင်း ဆရာကြီး ချိုပန်းချီ(ပညာရေး)က ပြောသည်။ **ရွှေပြည်သာ(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၃၅ ဦးတွေ့ရှိ၊ ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ ၂ ဒသမ ဝ၈ ရာခိုင်နှုန်းရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၆-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၅-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၆-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁၁,၃၀၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂၃၅) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၀၈) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၇,၅၈၈,၂၂၄) ခုအားစစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၁၀,၇၂၈) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၆၂၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၆၇,၉၄၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၂၉) ဦး ရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိ၍ ရောဂါဖြစ်ပွား/သေဆုံးမှုများအား မျက်ခြည်မပြတ်စောင့်ကြည့်လျက်ရှိရာ မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုများကို လေ့လာသုံးသပ်ကြည့်ရာတွင် ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှုခံယူထားခြင်းဖြင့် ရောဂါကြောင့် သေဆုံးရမှုကို ၇ ဆခန့်အထိ လျှော့ချနိုင်သည်ကို တွေ့ရှိရပါသည်။
- နိုင်ငံတကာခရီးသွားကဏ္ဍတွင်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူထားသူများအား ကမ္ဘာ့နိုင်ငံအများစုမှ ကွာရန်တင်းဝင်ရောက်ရမှုမှ ဖြေလျှော့ပေးခြင်းအပါအဝင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ဖြေလျှော့ပေးခြင်းများစွာ ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲသောဒေသများတွင်နေထိုင်သူများအပါအဝင် မည်သူတစ်ဦးတစ်ယောက်မျှမကျန်ရစေဘဲ အသက် ၁၈ နှစ်နှင့်အထက် မိဘပြည်သူများ၊ အသက် ၁၂ နှစ်မှ အသက် ၁၈ နှစ်အထိ အခြေခံပညာ ကျောင်းသား ကျောင်းသူများ စသည့်ဦးတည်အုပ်စုအားလုံးကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိပါ၍ ကာကွယ်ဆေး မထိုးနှံရသေးသော ပြည်သူများအနေဖြင့် နီးစပ်ရာကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးများနှင့် သွားရောက်ဆက်သွယ်၍ အကြိမ်ပြည့် ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ (၂၆-၃-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၀၇၂) ခု | (၈၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၈၀) ခု | (၇) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၂၃၅) ခု | (၄) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၀) ခု | (၃) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၉၂၇) ခု | (၃၂) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁,၅၀၀) ခု | (၁၄) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၆,၄၄၅) ခု | (၉၃) ဦး |
| စုစုပေါင်း | (၁၁,၃၀၀) ခု | (၂၃၅) ဦး |

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၈၁၆၀၀၈၉၀ | ၆၄၀၇၀၁၆၃ | ၁၀၀၃၁၉၈ |
| ၂။ | အိန္ဒိယ | ၄၃၀၁၈၀၃၂ | ၄၂၄၈၀၄၃၆ | ၅၂၀၈၈၅ |
| ၃။ | ဘရာဇီး | ၂၉၈၀၂၂၅၇ | ၂၈၄၃၃၇၁၃ | ၆၅၈၆၂၆ |
| ၄။ | ပြင်သစ် | ၂၄၇၇၇၉၈၈၂ | ၂၂၈၇၀၄၃၄ | ၁၄၁၅၆၄ |
| ၅။ | ဗြိတိန် | ၂၀၆၉၁၁၂၃ | ၁၈၇၈၃၁၇၇ | ၁၆၄၄၅၄ |
| ၆။ | ဂျာမနီ | ၂၀၀၁၈၄၆၅ | ၁၅၆၄၆၀၀၀ | ၁၂၈၇၅၇ |
| ၇။ | ရုရှား | ၁၇၇၃၉၄၆၂ | ၁၆၆၀၆၆၉၁ | ၃၆၇၀၁၃ |
| ၈။ | တူရကီ | ၁၄၇၇၅၆၃၄ | ၁၄၄၂၃၇၈၂ | ၉၇၆၆၆ |
| ၉။ | အီတလီ | ၁၄၂၂၉၄၉၅ | ၁၂၈၂၄၄၆၃ | ၁၅၈၅၈၂ |
| ၁၀။ | တောင်ကိုရီးယား | ၁၁၄၉၇၇၁၁ | စိစစ်ဆဲ | ၁၄၆၁၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဗီယက်နမ် | ၈၇၆၁၂၅၂ | ၅၀၀၁၅၆၄ | ၄၂၁၉၆ |
| ၂။ | အင်ဒိုနီးရှား | ၅၉၉၅၈၇၆ | ၅၇၀၂၁၆၃ | ၁၅၄၅၇၀ |
| ၃။ | မလေးရှား | ၄၁၀၁၀၈၁ | ၃၈၁၉၂၉၉ | ၃၄၇၁၇ |
| ၄။ | ဖိလစ်ပိုင် | ၃၆၇၆၆၆၅ | ၃၅၇၄၂၉၅ | ၅၈၈၈၄ |
| ၅။ | ထိုင်း | ၃၅၀၃၂၆၄ | ၃၂၂၈၂၈၄ | ၂၄၇၁၈ |
| ၆။ | စင်ကာပူ | ၁၀၆၀၇၂၃ | ၁၀၀၉၄၀၈ | ၁၂၃၉ |
| ၇။ | မြန်မာ | ၆၁၀၇၂၈ | ၅၆၇၉၄၅ | ၁၉၄၂၉ |
| ၈။ | လာအို | ၁၆၄၀၇၈ | ၁၅၁၁၆၃ | ၆၅၄ |
| ၉။ | ကမ္ဘောဒီးယား | ၁၃၃၄၀၂ | ၁၃၁၃၅၁ | ၃၀၅၄ |
| ၁၀။ | ဘရူနိုင်း | ၁၃၀၆၁၁ | ၁၂၂၉၀၅ | ၂၀၂ |

## ကိုဗစ်-၁၉ ရောဂါဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေစွာ တင်သွင်းပေးလျက်ရှိ

နေပြည်တော် မတ် ၂၆

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကန်ပိုက်တီကုန်သွယ်ရေးစခန်းမှ ယာဉ်စီးရေ တစ်စီးဖြင့် နှာခေါင်းစည်း တစ်တန်နှင့် လက်အိတ် သုည ဒသမ ၄ တန်ကို တင်သွင်းခဲ့သည်။

မတ် ၁ ရက်မှ ၂၆ ရက်အတွင်း အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများနှင့် ကုန်သွယ်ရေးစခန်းများမှ ကုမ္ပဏီ ခြောက်ခု၊ ယာဉ်စီးရေ ၁၀ စီးဖြင့် အောက်ဆီဂျင် အိုးခွံ ၆၈၀၊ အောက်ဆီဂျင်ထုတ်သည့်စက် တစ်ခု၊ Oxygen Generator တစ်ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၁၀၀၊ လက်အိတ် ၂၂ တန်နှင့် နှာခေါင်းစည်း တန် ၇၀ တင်သွင်းခဲ့သည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများတင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန ဝက်ဘ်ဆိုက်ဖြစ်သည့် www. commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါဆိုင်ရာပစ္စည်းများ နေ့စဉ်ထုတ်ပေးလျက်ရှိ

နေပြည်တော် မတ် ၂၆

အကောက်ခွန်ဦးစီးဌာနသည် ကိုဗစ်-၁၉ ရောဂါဆိုင်ရာပစ္စည်းများကို ရေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်ဆိပ်ကမ်းများမှ Infusion Set ၄၀၀၊ Scalp Vein Set ၁၂၀၀၀နှင့် ဆေးဝါးမျိုးစုံ ၁၄ မျိုး စုစုပေါင်း ၅၃၂၁၀ ဒသမ ၇၆ ကီလိုဂရမ်၊ နယ်စပ် ကန်ပိုက်တီ၌ Surgical Mask ၁၂၀၊ Examination Glove ၁၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဇိနရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ကြရန်နှိုးဆော်ခြင်း







[illegible]



[illegible]

၁။ [illegible]

၂။ [illegible]

[illegible]

၃။ [illegible] Account Transfer [illegible]

(က) [illegible]

(ခ) [illegible]

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**
- (က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
- (ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
- (ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**
- (က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- (ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**
- (က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- (ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- (ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

လူတစ်ဦးချင်းစီ၏ လူ့အခွင့်အရေးမှာ လူလူချင်းလေးစားခြင်း၊ တန်ဖိုးထားခြင်းဟာ အရေးကြီးဆုံးအချက် ဖြစ်ပါတယ်။ နိုင်ငံရှိမှလည်း နိုင်ငံသားတို့ရဲ့ ရပိုင်ခွင့်ကို တောင်းဆိုနိုင်ပါတယ်။ နိုင်ငံပျက်သုဉ်းသွားသော်လည်းပဲ နိုင်ငံသားတစ်ဦးချင်းရဲ့ ရပိုင်ခွင့်ကို ကာကွယ်နိုင်တဲ့နမူနာမျိုး ကမ္ဘာမှာ မရှိသေးပါဘူး။ အဖျက်အမှောင့်၊ အနှောင့်အယှက်များ ကင်းဝေးမှသာ နိုင်ငံသားအခွင့်အရေးကို တောင်းဆိုနိုင်မှာပါ။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က (၁)နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့် ပတ်သက်၍ ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## အီဂျစ်အသင်းက ဆီနီဂေါအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ

အီဂျစ်အသင်းနဲ့ ဆီနီဂေါအသင်းတို့ မတ် ၂၅ ရက် ညပိုင်းက ကိုင်ရိုမြို့မှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲ Play-off ပွဲစဉ် ပထမအကျော့မှာ အီဂျစ်အသင်းက ဆီနီဂေါအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ပါတယ်။

**အနိုင်ရရှိခဲ့**

အဲဒီပွဲစဉ်မှာ အီဂျစ်အသင်းက ပထမပိုင်းပွဲကစားချိန် လေးမိနစ်မှာ ရရှိခဲ့တဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပြီး အဲဒီသွင်းဂိုးဟာ ဆီနီဂေါအသင်းမှ ကစားသမား ဆာလီအူဆစ်က ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိသလိုဖြစ်ခဲ့ရာကနေ ရရှိခဲ့တာဖြစ်ပါတယ်။

မိုဟာမက်ဆာလာဦးဆောင်လာတဲ့ အီဂျစ်အသင်းနဲ့ ဆာဒီယိုမာနေး ဦးဆောင်လာတဲ့ ဆီနီဂေါအသင်းတို့ဟာ အာဖရိကနိုင်ငံများ

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ■



အီဂျစ်အသင်းကစားသမားများ အောင်ပွဲခံနေစဉ်။



ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ဘုရင့်နောင်လမ်းပေါ်ရှိ မြမေတ္တာမွန်စက်သုံးဆီအရောင်းဆိုင်အား အကြမ်းဖက်သမား သုံးဦးက သေနတ်၊ လက်ပစ်ဗုံးများဖြင့်ပစ်ပေါက်ကာ ဆီပန့်သုံးခုအား မီးရှို့ဖျက်ဆီးမှု မှတ်တမ်းဓာတ်ပုံ။

## ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ DENKO စက်သုံးဆီအရောင်းဆိုင်နှင့် လှိုင်မြို့နယ် ဘုရင့်နောင်လမ်းပေါ်ရှိ မြမေတ္တာမွန်စက်သုံးဆီ အရောင်းဆိုင်တို့အား အကြမ်းဖက်သမားများက သေနတ်ပစ်ဖောက် ခြိမ်းခြောက်လုယက်၍ မီးရှို့ဖျက်ဆီး

**နေပြည်တော် မတ် ၂၆**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်ရှိ DENKO စက်သုံးဆီအရောင်းဆိုင်သို့ အကြမ်းဖက်သမား ခြောက်ဦးက မော်တော်ယာဉ်တစ်စီးဖြင့် ရောက်ရှိလာပြီး သေနတ်ပစ်ဖောက် ခြိမ်းခြောက်ကာ ဆီရောင်းချငွေ ငွေကျပ်သိန်း ၆၀ လုယက်ယူဆောင်၍ ဆီပန့်များအား လက်ပစ်ဗုံးဖြင့် ဖောက်ခွဲကာ မီးတုတ်များဖြင့် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၅ ရက် ည ၈ နာရီ ၁၀ မိနစ်တွင် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၂၇)ရပ်ကွက် ဘုရင့်နောင်လမ်းပေါ်တွင် ဖွင့်လှစ်ထားသည့် DENKO စက်သုံးဆီအရောင်းဆိုင်အတွင်းသို့ Probox အမျိုးအစား မော်တော်ယာဉ်အဖြူရောင်တစ်စီး ရောက်ရှိလာပြီး အဆိုပါ ယာဉ်ပေါ်မှ အကြမ်းဖက်သမား ခြောက်ဦးက သေနတ်၊ ဓားတို့ကိုင်ဆောင်၍ ဆီဆိုင်အတွင်းရှိ ဝန်ထမ်းများနှင့် ဆီဖြည့်ရန် လာရောက်သူများကို သေနတ်ပစ်ဖောက် ခြိမ်းခြောက်ကာ ကောင်တာအား ကာရံထားသည့် မှန်များကို ရိုက်ခွဲခဲ့ကြောင်း၊ ထို့နောက် ကောင်တာအတွင်းထားရှိသည့် ဆီရောင်းချထားသည့်

စာမျက်နှာ ၁၇ ကော်လံ ၁ သို့ ✳

**ယနေ့** ဖတ်စရာ


မြောက်ကိုရီးယားနိုင်ငံက တိုက်ချင်းပစ်ဒုံးကျည်အမျိုးအစားသစ်တစ်စင်း အောင်မြင်စွာစမ်းသပ်ပစ်လွှတ် စာမျက်နှာ ၁၅

အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့မှ ကြေညာထားသည့် အကြမ်းဖက်အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ထောက်ပံ့ခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေအတွင်း သင်တန်းတက်ရောက်ခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို ကျူးလွန်သူများကို ပြစ်ဒဏ်အသီးသီး ချမှတ် စာမျက်နှာ ၁၇


## ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာဘိလိယက်အဖွဲ့ ကစားသမား ခြောက်ဦးဖြင့် ယှဉ်ပြိုင်မည်

**ရန်ကုန် မတ် ၂၆**

မြန်မာဘိလိယက်အဖွဲ့သည် မေလတွင်ပြန်လည်ကျင်းပမည့် (၃၁)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ကစားသမားခြောက်ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာအဖွဲ့ချုပ်သည် ဆီးဂိမ်းဘိလိယက်အားကစားနည်းတွင်ပါဝင်မည့် ပြိုင်ပွဲအမျိုးအစားများအနက် Carom ပြိုင်ပွဲမှလွဲ၍ ဘိလိယက်၊ စနူကာနှင့် Pool ပြိုင်ပွဲတို့တွင် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာဘိလိယက်အဖွဲ့သည် ဘိလိယက်အားကစားနည်းတွင် နှစ်ဦး၊ စနူကာအားကစားနည်းတွင် နှစ်ဦး၊ Pool အားကစားနည်းတွင် နှစ်ဦး၊

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ○

ကြေးမုံ
၂၀၂၂ ခုနှစ်၊ (၇၇) နှစ်မြောက်

# တပ်မတော်နေ့ အထူးထုတ်

၂၀၂၂ ခုနှစ်၊ မတ်လ ၂၇ ရက် (တနင်္ဂနွေနေ့)



# စစ်ပွဲမဟုတ်သော စစ်ဆင်ရေးများဖြင့် စစ်ဘက်အရပ်ဘက်ပူးပေါင်းမှုမှသည် လူမှုဘဝလုံခြုံရေးသို့ .....

မိုးကေနိုင်

တပ်မတော်သည် နိုင်ငံနှင့် ပြည်သူအပေါ် ကျရောက်လာနိုင်သည့် မည်သည့် ပြည်တွင်း ပြည်ပအန္တရာယ်မျိုးကိုမဆို အခြေအနေမရွေး၊ အချိန်အခါမရွေး ကာကွယ်စောင့်ရှောက်မှုပေးလျက်ရှိသည်။

နိုင်ငံကာကွယ်ရေးတာဝန်အပြင် ပြည်သူအားလုံး၏ လူမှုဘဝလုံခြုံရေးတာဝန်ကိုပါ ပြည်သူလူထုနှင့်လက်တွဲ၍ ဘက်ပေါင်းစုံမှ ထမ်းရွက်လျက်ရှိသည်။ ဤသည်ပင် အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခြင်းမည်သကဲ့သို့ တိုင်းပြည်သာယာဝပြောရေးကို အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် သဘောထား၍ ကျရာအခန်းကဏ္ဍမှ တစ်တပ်တစ်အား တာဝန်ယူဆောင်ရွက်နေခြင်းဟုလည်း မှတ်ယူပါသည်။



တိုင်းရင်းသားပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ရန် တပ်မတော်နယ်လှည့် အထူးကုသရေးယာဉ်များဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ ထွက်ခွာစဉ်။

**ဒို့အရေးသုံးပါးနှင့် စစ်ဘက်အရပ်ဘက်ဆက်ဆံရေး**

နိုင်ငံ၏ လက်တွေ့ပကတိဖြစ်စဉ်များကို လက်တွေ့ကျကျ သုံးသပ်ရလျှင် တည်ငြိမ်အေးချမ်းမှု၊ စည်းလုံးညီညွတ်မှုနှင့် လူမှုဘဝ လုံခြုံဖွံ့ဖြိုးတိုးတက်မှု ဤ သုံးချက်ကြား သဟဇာတဖြစ်ရန်နှင့် ဟန်ချက်ညီရန် အထူးလိုအပ်နေသည်။ ခိုင်မာသော Institution တစ်ခုဖြစ်သည့် တပ်မတော်အနေဖြင့်မူ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို လုံးဝအထိခိုက်ခံ၍မရသည့် အမျိုးသားရေးမူဝါဒအဖြစ် သတ်မှတ်ထားသည်။

ဒို့အရေးသုံးပါးကို ခိုင်ခိုင်မာမာ လက်ကိုင်ထားနိုင်မှလည်း နိုင်ငံ၏ တည်ငြိမ်မှု၊ ညီညွတ်မှုနှင့် ပြည်သူ့ဘဝလုံခြုံမှုကို အာမခံနိုင်မည်ဖြစ်သည်ဟု ခံယူထား၍ဖြစ်သည်။ သို့သော် ထိုအရေးအားလုံးသည် ပြည်သူပါမှ အောင်မြင်မည်ဖြစ်သည်။ ပြည်သူအားလုံး တက်ညီလက်ညီပါဝင်နိုင်ရန်သည် စစ်ဘက်အရပ်ဘက်ဆက်ဆံရေး ချောမွေ့ပြေပြစ်မှုနှင့် စစ်ဘက်အရပ်ဘက်ပူးပေါင်းဆောင်ရွက်မှု အားကောင်းမှုအပေါ်တွင် လုံးဝမူတည်နေပါသည်။

အထူးထုတ် [ ဂ ] သို့ »»



တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့ကြီးများသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ အချိန်မီဖြန့်ဝေနိုင်ရန် တပ်မတော်လေယာဉ်ပေါ်သို့ တင်ဆောင်နေစဉ်။

- ☆ **ထူးခြားသော နိုင်ငံရေးအခြေအနေများအောက်တွင် စစ်ဘက်အရပ်ဘက် ပူးပေါင်းဆောင်ရွက်၍ နည်းပညာမျှဝေဖလှယ်ခြင်း၊ စစ်ဘက်၏ စုစည်းနိုင်သော အရင်းအမြစ်များနှင့် စွမ်းဆောင်နိုင်ရည်များကို လိုအပ်ချက်နှင့်အညီ လက်တွေ့ ဆောင်ရွက်နိုင်စွမ်းရှိခြင်းသည် မိမိဘက်က ပေးဆပ်ရမှုကိုသက်သာစေပြီး အဆုံးအရှုံးကိုလည်း နည်းပါးစေကာ နိုင်ငံ၏ ပုံရိပ်ကိုလည်း ပို၍တိုးတက်လာစေ**
- ☆ **ထို့ကြောင့်လည်း တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်နှင့်တန်းတူ တိုင်းရင်းသားပြည်သူများ၏ လူမှုဘဝ လုံခြုံဖွံ့ဖြိုးတိုးတက်ရေးတာဝန်ကိုပါ စစ်ဘက်အရပ်ဘက် ပူးပေါင်းဆောင်ရွက်မှုစွမ်းအားဖြင့် စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်**

»» အထူးထုတ် [ ၁ ] မှ

**စစ်ရေးအမြင်တစ်ခုတည်းမဟုတ်**

ထူးခြားသော နိုင်ငံရေးအခြေအနေများအောက်တွင် စစ်ဘက်အရပ်ဘက် ပူးပေါင်းဆောင်ရွက်၍ နည်းပညာမျှဝေဖလှယ်ခြင်း၊ စစ်ဘက်၏ စုစည်းနိုင်သော အရင်းအမြစ်များနှင့် စွမ်းဆောင်နိုင်ရည်များကို လိုအပ်ချက်နှင့်အညီ လက်တွေ့ဆောင်ရွက်နိုင်စွမ်းရှိခြင်းသည် မိမိဘက်ကပေးဆပ်ရမှုကိုသက်သာစေပြီး အဆုံးအရှုံးကိုလည်း နည်းပါးစေကာ နိုင်ငံ၏ ပုံရိပ်ကိုလည်း ပို၍တိုးတက်လာစေပါသည်။ ထို့ကြောင့်လည်း တပ်မတော်သည် နိုင်ငံတော်ကာကွယ်ရေး တာဝန်နှင့်တန်းတူ တိုင်းရင်းသားပြည်သူများ၏ လူမှုဘဝ လုံခြုံဖွံ့ဖြိုးတိုးတက်ရေးတာဝန်ကိုပါ စစ်ဘက်အရပ်ဘက် ပူးပေါင်းဆောင်ရွက်မှုစွမ်းအားဖြင့် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။

ပြည်တွင်းအကြမ်းဖက် အန္တရာယ်၊ ပြည်ပဖိအားပေးခြိမ်းခြောက်မှုမျိုးစုံနှင့် ကမ္ဘာ့ကပ်ရောဂါကဲ့သို့သော သမားရိုးကျမဟုတ်သည့် စိန်ခေါ်မှုများနှင့်အကျပ်အတည်းများအောက်တွင် နိုင်ငံရှိ ရသမျှ အရင်းအမြစ်များအပေါ် အခြေခံ၍ နိုင်ငံသားတို့၏ လူမှုဘဝလုံခြုံရေး အပါအဝင် ကဏ္ဍစုံလုံခြုံရေးကို တပ်မတော်က တာဝန်ယူဆောင်ရွက်နေသည်မှာ စစ်ရေးအမြင်သက်သက် တစ်ခုတည်းဖြင့် ချဉ်းကပ်ဆောင်ရွက်နေခြင်း မဟုတ်သည်မှာ သိသာထင်ရှားလှပါသည်။

တပ်မတော်ကို မဏ္ဍိုင်ထား၍ စစ်ဘက်အရပ်ဘက်ပူးပေါင်းဆောင်ရွက်မှုဖြင့် ပြည်သူတို့၏ လူမှုဘဝလုံခြုံရေးကို ဦးတည်ဆောင်ရွက်ရာတွင် မျှော်မှန်းချက် မူဝါဒရည်မှန်းချက် မဟာဗျူဟာများကို တိတိကျကျ ချမှတ်ဆောင်ရွက်ရသည် ဖြစ်၍ စစ်ဆင်ရေး တစ်ရပ်ဆင်နွှဲသကဲ့သို့ပင် အောင်မြင်ထိရောက်အောင် အားထုတ်ကြိုးပမ်း ဆောင်ရွက်ရပါသည်။ တစ်နည်းအားဖြင့် စစ်ဘက်အရပ်ဘက် ပူးပေါင်း၍ ဆင်နွှဲနေသော "စစ်ပွဲမဟုတ်သော စစ်ဆင်ရေးများ" အဖြစ်လည်း တင်စားနိုင်ပါသည်။



နေပြည်တော် ဇေယျာသီရိမြို့နယ်တွင် ၁၃-၁၀-၂၀၂၁ ရက်နေ့က အသက် ၁၂ နှစ်အထက် ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးစဉ်။

☆ နိုင်ငံတစ်ဝန်းစာဖတ်အား စာဖတ်ရှိန်မြှင့်ရန် ကြိုးပမ်းအားထုတ်ရာတွင် "စာမတတ်သူ ပပျောက်ရေးမှသည် စာမဖတ်သူပပျောက်ရေး" ဦးတည်သော တပ်ရင်းတပ်ဖွဲ့အလိုက် စာကြည့်တိုက်များသည် နမူနာယူဖွယ်ဖြစ်ပေသည်။ တပ်မတော်၏ စာကြည့်တိုက်အခြေခံ စဉ်ဆက်မပြတ်လေ့လာသင်ယူမှု အစီအစဉ်များသည်ပညာကို မြတ်နိုးတန်ဖိုးထားသည့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လေ့လာသင်ယူမှုအခွင့်အလမ်းများကို ပေးစွမ်းလျက်ရှိ

☆ ကိုဗစ်ကပ်ကာလအတွင်း ပိတ်ထားရသောကျောင်းများ တက္ကသိုလ်များကို ကိုဗစ်ကပ်ကို ထိန်းချုပ်နိုင်သည်နှင့်အမျှ ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ကျောင်းမတက်ရေး လှုံ့ဆော်မှု စိန်ခေါ်မှုများကြားမှ မိမိပြည်သူများ၏ မိမိသားသမီးများ ပညာမဲ့မဖြစ်စေရေး၊ ဘဝလုပစေရေး၊ တိုင်းပြည်ကျွန်ဘဝမရောက်စေရေး ပညာသင်ယူမှု အခွင့်အလမ်းများအတွက် အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်မှာ အထင်အရှားဖြစ်

လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ရည်ရွယ်သော တပ်မတော်၏ စစ်ဆင်ရေးများတွင် တရားဥပဒေစိုးမိုးရေးစိန်ခေါ်မှုနှင့် ကိုဗစ်ကပ်ကဲ့သို့သော အကျပ်အတည်းများအောက်တွင် ကြိုးပမ်းဆောင်ရွက်နေရသော ပညာရေးနှင့် ကျန်းမာရေး၊ သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးကဏ္ဍများသည် အဓိကဖြစ်ပါသည်။ တပ်မတော်သည် နိုင်ငံ၏ ပညာရေးဖွံ့ဖြိုးရေး၊ ပညာရည်မြှင့်တင်ရေးလုပ်ငန်းများတွင် အားတက်သရော ပါဝင်ကူညီ ဆောင်ရွက်လျက်ရှိသည်။ "ပညာမြင့်မှ လူမျိုးတင့်မည်" "ပညာရည်မြင့်မားမှ အမျိုးဂုဏ်ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်မည်"ဟူသော အချက်များသည် ပညာရေးအပေါ် တပ်မတော်၏ ဂုဏ်ယူဖွယ်ခံယူချက်ပင် ဖြစ်သည်။

ပညာရေးမြှင့်တင်ပေးမှုကို ပြန်ပြောင်းကြည့်လျှင် တပ်မတော်က ၂၀၁၁-၁၂ ပညာသင်နှစ်မှ စတင်၍ ၂၀၁၉-၂၀ ပညာသင်နှစ်အထိ တက္ကသိုလ်ဝင်စာမေးပွဲများတွင် ထူးချွန်စွာ အောင်မြင်ခဲ့သော စစ်မှုထမ်းဆောင်ဆဲ တပ်မတော်သားနှင့် စစ်မှုထမ်းဟောင်း မိသားစုဝင်များ၊ စစ်သည်အစားခန့်အရပ်သားအမှုထမ်းများ၏ သားသမီးများအား ဂုဏ်ထူးရရှိမှု အပေါ်မူတည်၍ ဂုဏ်ပြုရွှေသားဆုနှင့် ငွေသားဆုများ ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးခဲ့သကဲ့သို့ ၂၀၁၃-၁၄ ပညာသင်နှစ်မှစတင်၍လည်း ပညာသင်ဆုများကို လစဉ်ချီးမြှင့်ပေးလျက်ရှိသည်ကို တွေ့ရပေသည်။ ဆုရရှိသူ ထူးချွန်စစ်သည်များနှင့် ဘက်စုံထူးချွန်လူငယ်များကိုလည်း ၂၀၁၃ ခုနှစ်မှစတင်၍ ပြည်ပလေ့လာရေးခရီးစဉ်များ စေလွှတ်ပေးနိုင်ခဲ့သည်ကို တွေ့ရသည်။



၁၂-၃-၂၀၂၀ ရက်နေ့က တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စက)မှ နယ်လှည့်အထူးကုဆေးအဖွဲ့ မအူပင်မြို့နယ် ထနီးကျေးရွာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**အမျိုးသားအကျိုးစီးပွား ဦးတည်သော ပညာရေးကဏ္ဍ**

ထို့အတူ တပ်မတော်က ဖွင့်လှစ်ထားသော အခြေခံအထက်တန်းနှင့် အလယ်တန်းကျောင်းများတွင် ၅၉ ရာခိုင်နှုန်းခန့်ရှိ တိုင်းရင်းသားကလေးသူငယ်များ တက်ရောက် ပညာသင်ကြားနေသည်ကိုလည်း လေ့လာမိသည်။ တပ်မတော်၏ ပညာရည်မြှင့်တင်မှု လုပ်ငန်းများသည် နိုင်ငံ၏ လူမှုဘဝများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံဖြစ်သကဲ့သို့ အမျိုးသားအကျိုးစီးပွားကို ဦးတည်သည့် လူငယ်များတွင် မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေး၊ အတွေးအခေါ်မှန်ကန်ရေး၊ ဗဟုသုတ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း များစွာအထောက်အကူပြုပါသည်။

ထို့အတူ ပြည်ထောင်စုအဆင့်၊ ဒေသအဆင့် အားကစားပြိုင်ပွဲများ၊ ယဉ်ကျေးလိမ္မာသင်တန်းများ၊ လေကြောင်းလူငယ်သင်တန်းများ၊ ဘာသာရပ်ဆိုင်ရာ သင်တန်းမျိုးစုံသည် တပ်မတော်အတွက် သာမက နိုင်ငံ့အနာဂတ်မျိုးဆက်သစ်များ အတွက်လည်း အရေးပါလှသည်။ နိုင်ငံတစ်ဝန်းစာဖတ်အား စာဖတ်ရှိန်မြှင့်ရန် ကြိုးပမ်းအားထုတ်ရာတွင် "စာမတတ်သူ ပပျောက်ရေးမှသည် စာမဖတ်သူပပျောက်ရေး" ဦးတည်သော တပ်ရင်းတပ်ဖွဲ့အလိုက် စာကြည့်တိုက်များသည် နမူနာယူဖွယ်ဖြစ်ပေသည်။ တပ်မတော်၏ စာကြည့်တိုက်အခြေခံ စဉ်ဆက်မပြတ် လေ့လာသင်ယူမှု အစီအစဉ်များသည် ပညာကို မြတ်နိုးတန်ဖိုးထားသည့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လေ့လာသင်ယူမှု အခွင့်အလမ်းများကို ပေးစွမ်းလျက်ရှိပါသည်။

ကိုဗစ်ကပ်ကာလအတွင်း ပိတ်ထားရသောကျောင်းများ၊ တက္ကသိုလ်များကို ကိုဗစ်ကပ်ရောဂါထိန်းချုပ်နိုင်သည်နှင့်အမျှ ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။ ကျောင်းမတက်ရေးလှုံ့ဆော်မှု စိန်ခေါ်မှုများကြားမှ မိမိပြည်သူများ၏ မိမိသားသမီးများ ပညာမဲ့မဖြစ်စေရေး၊ ဘဝလုပစေရေး၊ တိုင်းပြည် ကျွန်ဘဝမရောက်စေရေး ပညာသင်ယူမှု အခွင့်အလမ်းများအတွက် အလေးထား ဆောင်ရွက်ပေးလျက်ရှိသည်မှာ အထင်အရှားဖြစ်ပါသည်။

**ခေတ်အဆက်ဆက်တပ်မတော်နှင့် ဆေးဝန်ထမ်းတပ်ဖွဲ့၏ စေတနာ**

ကျန်းမာရေး ကဏ္ဍတွင်လည်း ထို့အတူပင်။ ကျန်းမာရေးစောင့်ရှောက်ကုသမှုများတွင် "လူ့အသက်ထက် အရေးကြီးတာ ဘာမှမရှိ" ဟူသောမှုနှင့်အညီ တပ်မတော်သည် ခေတ်အဆက်ဆက်တွင် ပြည်သူလူထုကို တစ်ဖက်တစ်လမ်းမှ အကျိုးပြုလျက်ရှိသည်။ ဆေးဝန်ထမ်းတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံးက စီစဉ်သော တပ်မတော်နယ်လှည့် မြစ်တွင်းသွား (ရွှေပုဇွန်)နှင့် ပင်လယ်ပြင်သွား (သံလွင်) နယ်လှည့်ဆေးရုံသင်္ဘောများ၊ ရွေ့လျားယာဉ်(mobile ban)များဖြင့် ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမမီသည့် ဒေသများမှ ကုသမှုခံယူရန် လိုအပ်နေသော ပြည်သူများထံအရောက် ခွဲစိတ်ကုသ၊ ဓာတ်မှန်ရိုက်၊ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းများစွာ ပြုလုပ်ပေးနိုင်ခဲ့သည်။ ရှစ်နှစ်ကျော်ကာလအတွင်း ပြည်သူ

အထူးထုတ် [ ဃ ] သို့ »»

## ပြည်တွင်းအင်အားကို တည်ဆောက်ကြမည်

- ☆ တိုင်းပြည်ရဲ့အားဟာ ပြည်တွင်းမှာပဲ ရှိပါတယ်။ ပြည်တွင်းအားကိုပဲ ကျွန်တော် ယုံကြည်အားကိုးပါတယ်။
- ☆ နိုင်ငံရဲ့ပကတိအခြေအနေအရ ပြည်ပအကူအညီများ လိုအပ်သည်မှန်ပေမယ့် ပြည်တွင်းအားနဲ့ လုပ်ဆောင်နိုင်တာများရှိပါတယ်။
- ☆ နံပါတ်(၁)အနေနဲ့ ပြည်တွင်းအားနဲ့ ပြည်တွင်းစီးပွားရေး တိုးတက်မြှင့်တင်ပါမယ်။ ကျွန်တော်တို့ တိုင်းပြည်မှာ သဘာဝအရင်းအမြစ်များ၊ လူသားအရင်းအမြစ်များစွာရှိပါတယ်။ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားမပေးဘဲ ပြည်ပသွင်းကုန်များသာ အားထားခဲ့လို့ ပြည်သူ ပြည်သားများရဲ့ လူမှုစီးပွားတိုးတက်မှု အားနည်းခဲ့ခြင်းသာ ဖြစ်ပါတယ်။
- ☆ နံပါတ်(၂)အနေနဲ့ ပြည်တွင်းနိုင်ငံရေး ခိုင်မာအားရှိအောင် ဆောင်ရွက်ပါမယ်။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေး၊ ပါတီစုံဒီမိုကရေစီစနစ် တည်ဆောက်မယ်ဆိုရင် နိုင်ငံရေးအားမကောင်းစရာ မရှိပါဘူး။
- ☆ နံပါတ်(၃)အနေနဲ့ တိုင်းရင်းသားပြည်သူများအားလုံးပါဝင်တဲ့ ကာကွယ်ရေးစွမ်းအား လုပ်ဆောင်ရန် ဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံး ဥမကွဲ သိုက်မပျက် အေးအတူ ပူအမျှ ညီညွတ်တဲ့အင်အားနဲ့ နိုင်ငံတော်ကို ခေတ်မီပြီး စွမ်းရည်ပြည့်ဝတဲ့ ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့နဲ့ နိုင်ငံကာကွယ်ရေးစွမ်းအား တည်ဆောက်သွားပါမယ်။
- ☆ တိုင်းရင်းသား မိဘပြည်သူအားလုံး စဉ်းစားဆင်ခြင်ပြီး ပူးပေါင်းလုပ်ဆောင်ကြဖို့ ပြောလိုပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (၁)နှစ်ပြည့် နိုင်ငံတော်တာဝန်ထမ်းဆောင်ခဲ့မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)




ကိုဗစ်-၁၉ ရောဂါကြောင့် မလေးရှားနိုင်ငံတွင် ဒုက္ခကြုံတွေ့နေရသော မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်လာသည့် တပ်မတော်မှစစ်ရေယာဉ်များ ၂၇-၂-၂၀၂၂ ရက်နေ့က ရန်ကုန်မြို့ အမှတ်(၃) ရေတပ်ဆိပ်ကမ်းသို့ ပြန်လည်ရောက်ရှိစဉ်။

»»» အထူးထုတ် [ ဂ ] မှ

၂ ဒသမ ၅ သန်းကျော်ကို ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ခဲ့သည်ကို တွေ့ရှိရသည်။

CDM လှုပ်ရှားမှုနှင့်အတူ ကျန်းမာရေးဝန်ထမ်းအခက်အခဲ၊ ဆေးရုံဆေးခန်းများ ပိတ်ထားရမှု၊ အောက်ဆီဂျင်စသည့် ရောဂါကာကွယ်ထိန်းချုပ်ရေး ပစ္စည်းများ မလုံလောက်မှု၊ ခြိမ်းခြောက်လှုံ့ဆော်မှုနှင့် ကန့်ကွက်မှုများ၊ အနှောင့်အယှက်များ အခက်အခဲများစွာကို ကြုံတွေ့ခဲ့ရသည်။ တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်အပြင် ကျန်းမာရေးနှင့် ကပ်ရောဂါဘေးများကြောင့် မလိုအပ်ဘဲ အသက်ဆုံးရှုံးထိခိုက်မှုများ နည်းသည်ထက်နည်းအောင် ပြည်သူအကျိုးရှေးရှု၍ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်သာ ဖြစ်သည်။

တပ်မတော်ဆေးရုံဆေးတပ်ရင်းများဟူသည် တိုင်းနှင့်ပြည်နယ် ဒေသအသီးသီးတွင်ရှိကြသည်။ ကိုဗစ်-၁၉ တတိယလှိုင်းသင့်ချိန်တွင် အထက်ဖော်ပြပါ အခက်အခဲများကြောင့် ဆေးကုသမှုခံယူရန် လိုအပ်နေသည့် ဒုက္ခရောက်နေသောပြည်သူများအား မလိုလားအပ်ဘဲ ထိခိုက်နစ်နာမှုများ မဖြစ်စေရန်အတွက် ဒေသအားလုံးရှိ တပ်မတော်ဆေးရုံ ဆေးတပ်ရင်းများတွင် လက်ခံကုသပေးခဲ့ကြသည်။ စစ်သည်၊ အရပ်သားမခွဲခြား ဆေးတပ်ဖွဲ့ပါရဂူ ဆေးမှူးသူနာပြုများ၏ အနစ်နာအပင်ပန်းခံစောင့်ရှောက်ကုသမှုအောက်တွင် ကုသမှုခံယူခဲ့ကြသည့် ပြည်သူ ငါးသိန်း ခြောက်သောင်းကျော်၏ ခံစားနေရသော ရောဂါဝေဒနာများကို သက်သာပျောက်ကင်း စေခဲ့သည်မှာ တပ်မတော်၏ စေတနာနှင့် ဆေးဝန်ထမ်း တပ်ဖွဲ့၏ မေတ္တာပင်ဖြစ်သည်။

### ကိုဗစ်ကာလ စစ်ဘက်အရပ်ဘက် ပူးပေါင်းဆောင်ရွက်မှုရလဒ်

ကူးစက်ရောဂါများတားဆီးကာကွယ်ရေးလုပ်ငန်းသည်လည်း တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့၏ ကြိုတင်ကာကွယ်ရေးဆောင်ရွက်ချက်တစ်ခုပင်ဖြစ်သည်။ ဆိုးရွားပြင်းထန်သော ကိုဗစ်တတိယလှိုင်းကာလ မည်သည့်ကမ္ဘာ့နိုင်ငံတွင်မှ မကြုံဖူးမကြားဖူးသော အခက်အခဲ၊ အနှောင့်အယှက်၊ အကျပ်အတည်း ဖိအားများအောက်တွင် နိုင်ငံ၏ ကျန်းမာရေးစနစ်သည် အခြားနိုင်ငံများနှင့်မတူသည့် သမားရိုးကျမဟုတ်သော စိန်ခေါ်မှုများစွာကို ကြုံတွေ့ခဲ့ရသည်။ စစ်ဘက်မှ အနီးကပ်စောင့်ကြပ်ကြည့်ရှု Quarantine centre များဖွင့်လှစ်ကာ စစ်ဘက်ဆရာဝန် သူနာပြုများ စေလွှတ်ပေးပြီး အစိုးရ၊ တပ်မတော်၊ ပြည်သူပူးပေါင်း၍ ကပ်ရောဂါကို ကာကွယ်ထိန်းချုပ်ကုသမှုများ အပြင်းအထန်ဆောင်ရွက်ခဲ့ကြသည့်အတွက် ရောဂါတွေ့ရှိမှုနှုန်းကို အနိမ့်ဆုံးအနေအထားအထိ လျှော့ချဖြတ်တောက်နိုင်ခဲ့ပြီး ရောဂါကူးစက်မှုကွင်းဆက်ကို ဖြတ်တောက်နိုင်ခဲ့သည်မှာ စစ်ဘက်အရပ်ဘက် ပူးပေါင်းဆောင်ရွက်မှု၏ ရလဒ်ပင်ဖြစ်သည်။

ကိုဗစ်ကာလများအတွင်း ကန့်သတ်ပိတ်ဆို့ lockdown ဧရိယာများမှ ပြည်သူများ၊ ဆရာတော်သံဃာတော်များ၊ သီလရှင်များ အဆင်ပြေရေးအတွက် ဆွမ်းစားနပ်ရိက္ခာနှင့် သောက်သုံးရေများ ဖြန့်ဖြူးရာတွင်လည်းကောင်း၊ နေရာဒေသအသီးသီးတွင် လိုအပ်ချက်ရှိနေသည့် ပြည်သူများအတွက် ဆေးဝါး၊ ကာကွယ်ဆေး၊ ဆေးပစ္စည်းများ သယ်ယူရာတွင်လည်းကောင်း စစ်ဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးစနစ်က များစွာအထောက်အကူပြုပေးခဲ့သည်။ အောက်ဆီဂျင် လိုအပ်ချက်ကို ကုစားရန် oxygen plant နှင့် liquid oxygen plant များတည်ဆောက်ပေးခဲ့ပြီး oxygen concentrator များစွာ ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

သဘာဝဘေးအန္တရာယ် ဖြစ်ပေါ်ပါက ကယ်ဆယ်ရေးနှင့် ဘေးဒဏ်သင့် ပြည်သူများ၊ လူနာများအား လူသားချင်းစာနာထောက်ထားမှု စိတ်ဓာတ်ဖြင့် အချိန်ပိုင်းအတွင်း တုံ့ပြန်၍ ကယ်ဆယ်သယ်ထုတ်ရွှေ့ပြောင်းခြင်းများ လိုအပ်သောပြုစုကုသမှုများကိုလည်း ထိထိရောက်ရောက်ဖြင့်ပြည်သူလူထုကိုကာကွယ်စောင့်ရှောက်နိုင်ခဲ့သည်ကို တွေ့ရသည်။ တပ်မတော်(ရေ)အနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၂ ခုနှစ်ကာလအတွင်း ပင်လယ်ပြင်အတွင်းမှ ဒုက္ခသည် ၄၀၀၀ ကျော်ကို ကူညီကယ်ဆယ်ပေးနိုင်ခဲ့သည်။ ပြည်တွင်းကယ်ဆယ်ရေးများအပြင် ပြည်ပကယ်ဆယ်ရေးများတွင်လည်း တုံ့ဆိုင်းခြင်း မရှိခဲ့ပါ။ မလေးရှားနှင့် အိန္ဒိယနိုင်ငံများတွင် ကိုဗစ်ကပ်ရောဂါကြောင့် ကာလရှည်ဒုက္ခခံစားနေရသည့် မြန်မာနိုင်ငံသား ၁၁၅၀ ကျော်ကို စစ်ရေယာဉ်များစေလွှတ်ပြီး အမိမြေသို့ ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့သည်မှာ သာဓကဖြစ်သည်။

လက်ရှိ အကယ်တန္တနိုင်ငံ၏ ထူးခြားသော နိုင်ငံရေးအခြေအနေနှင့် ပြည်တွင်းပြည်ပ ဖိအားများအောက်တွင် သမားရိုးကျမဟုတ်သော စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်နှင့် အောင်မြင်မှုရရှိရန် စစ်ဘက်အရပ်ဘက်ပူးပေါင်းဆောင်ရွက်မှုသည် အလွန်ပင်အရေးကြီးသည်ကို တွေ့မြင်နိုင်ပါသည်။ စစ်ဘက်၏ အဓိကမူလတာဝန်သည် ပြည်တွင်း ပြည်ပ ခြိမ်းခြောက်မှုများရန်မှ ကာကွယ်ရန်ဖြစ်သည်မှာ မှန်ပါသည်။

### ပြည်သူလူထုအတွက် ထိထိရောက်ရောက် အသုံးချနိုင်ခဲ့

အရေးကြီးသည့်အလျောက် မိမိ၏ စစ်ဘက် မူလတာဝန်များကြားမှ မိမိ၏ အရင်းအမြစ်၊ စုစည်းနိုင်မှု၊ ကျွမ်းကျင်မှု၊ စနစ်ကျမှုစသည့် အားသာချက်များကို ပြည်သူလူထုအတွက် ထိထိရောက်ရောက် အသုံးချနိုင်ခဲ့သည်ကို တွေ့မြင်ရမည် ဖြစ်ပါသည်။ ထို့ကြောင့်လည်း ကိုဗစ်-၁၉ ကဲ့သို့သော ကမ္ဘာ့ကပ်ရောဂါနှင့်အတူ ပြည်တွင်းအဖျက်ရန်စွယ်များကို စစ်ရေးအရ ဖြေရှင်းနေရချိန်၊ ပြည်ပခြိမ်းခြောက်မှုများအတွက် တပ်ဖွဲ့များကို ကြိုတင်ပြင်ဆင် တည်ဆောက်နေရချိန်တွင် ကပ်ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသမှုများ အပါအဝင် ကျန်းမာရေး၊ ပညာရေး၊ သဘာဝဘေးစသည့် လူမှုဘဝလုံခြုံရေးကို နည်းလမ်းစုံဖြင့် စစ်ဆင်ရေးပမာသဘောထားပြီး ရည်မှန်းချက်အတိုင်း အောင်မြင်မှုရရှိအောင် ဆောင်ရွက်နေမှုများကို စစ်ရေးရည်မှန်းချက်မရှိသည့် စစ်ပွဲမဟုတ်သော စစ်ဆင်ရေးများအဖြစ် မှတ်ကျောက်တင်ရမည်ဖြစ်ပါသည်။ ။